ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

**ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ ငြိမ်း**

ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာဓမ္မတာသဘောပေတည်း။

ယမကဝဂ်( ဓမ္မပဒ–၅)

၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက် ကြာသပတေးနေ့။ Thursday, 1 October 2026 ၁၂၃၁၈

## လေဖိအားနည်းရပ်ဝန်း မြန်မာနိုင်ငံမှ ဖြတ်ကျော်ခဲ့ပြီးဖြစ်သည့်အတွက် အစိမ်းရောင်အဆင့်ဟု သတ်မှတ်

နေပြည်တော် စက်တင်ဘာ ၃၀

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ မြန်မာနိုင်ငံ ချင်းပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံအရှေ့တောင်ပိုင်း၊ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တို့ကို ဖြတ်ကျော်ခဲ့သည့် အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် မြောက်–အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တို့တွင် လေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့သွားခဲ့သည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက် – အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်မည်ဟု ခန့်မှန်းရသည်။

လေဖိအားနည်းရပ်ဝန်းသည် မြန်မာနိုင်ငံမှ ဖြတ်ကျော်ခဲ့ပြီးဖြစ်သည့်အတွက် အစိမ်းရောင်အဆင့်ဟု သတ်မှတ်သည်။

မိုး/ဇလ

## တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပ

နေပြည်တော် စက်တင်ဘာ ၃၀

တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ယာဉ်ကြောကျပ်တည်းမှုနှင့် လမ်းပိတ်ဆို့မှုများ ဖြေရှင်းဆောင်ရွက်ပေးရေး၊ School cum shelter များ ပြန်လည်တည်ဆောက်ပေးရေး၊ အိမ်ရာမဲ့များ၏ဘဝရပ်တည်ရေးနှင့် လူမှုဖူလုံရေး

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပစဉ်။

## ထားဝယ်မြို့ပေါ် မြေနိမ့်ပိုင်းရပ်ကွက်အချို့တွင် ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်းကာ အင်တိုက်အားတိုက်ဆောင်ရွက်

ထားဝယ် စက်တင်ဘာ ၃၀

တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ စံချိန်တင်ရွာသွန်းမှုနှင့် လပြည့်ရက် မြစ်ရေပြည့်ချိန်တို့ တိုက်ဆိုင်၍ ထားဝယ်မြို့၊ သရက်ချောင်းမြို့၊ လောင်းလုံးမြို့၊ ပုလောမြို့တို့ရှိ ရပ်ကွက်/ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပြီး ယခုအခါ မြစ်ရေ၊ ချောင်းရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် ယနေ့နံနက်ပိုင်းတွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လမ်းကြောင်းရှင်းလင်းရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့ ❒





## ကန်တော်ကြီးသဘာဝဥယျာဉ်အတွင်း အများပြည်သူ အနားယူအပန်းဖြေရာအဆောက်အအုံနှင့် ငါးပြတိုက်အဆောက်အအုံများ တည်ဆောက်လျက်ရှိ

ရန်ကုန် စက်တင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ကန်တော်ကြီးသဘာဝဥယျာဉ်အတွင်း အများပြည်သူ အနားယူအပန်းဖြေရာ အဆောက်အအုံနှင့် ငါးပြတိုက်အဆောက်အအုံများ တည်ဆောက်လျက်ရှိသည်။

စာမျက်နှာ ၄ ကော်လံ ၄ သို့ ❍

### ယနေ့ ဖတ်စရာ

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ**
စာမျက်နှာ » ၅

**တနင်္သာရီမြစ်ရေ မြင့်တက်လာမှုကြောင့် မြေနိမ့်ပိုင်းနေရာများ ရေဝင်ရောက်မှုနှင့် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ရေကျော်မှုဖြစ်ပွား**
စာမျက်နှာ » ၈

**အနောက်တိုင်းဆေးရောနှောပြီး စံမညီတိုင်းရင်းဆေးဝါးများ ဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်**
စာမျက်နှာ » ၂၂

# ဂုဏ်ကျေးဇူးများကိုလေးစားဂရုပြု သက်ကြီးပုဂ္ဂိုလ်များကိုစောင့်ရှောက်

လူ့ဘောင်လောက လူ့အသိုက်အဝန်းတို့ကို အကျိုးကျေးဇူးပြုနိုင်သည့် အသိပညာ၊ အတတ်ပညာများကို အသက်အရွယ်မရွေး ဆည်းပူးလေ့လာနိုင်သည်။ လူ့ဘောင်လောက လူ့အသိုက်အဝန်းကို အကျိုးကျေးဇူးပြုနိုင်သည့် အတွေ့အကြုံ ဗဟုသုတများကိုမူ အသက်အရွယ်ငယ်ရွယ်သူများထက် အသက်အရွယ်ကြီးရင့်သူ သက်ကြီးရွယ်အိုပုဂ္ဂိုလ်များက ပိုမိုအကျိုးကျေးဇူးပြုနိုင်ပေသည်။ အတွေ့အကြုံ ဗဟုသုတများသည် ဖြတ်သန်းခဲ့သောဘဝခရီးလမ်း ရှည်ကြာသည်နှင့်အမျှ ရရှိခဲ့သောအကျိုးရလဒ်များ များစွာရှိသည်။ ထို့ကြောင့် သက်ကြီးရွယ်အိုပုဂ္ဂိုလ်များ၏ ဂုဏ်ကျေးဇူးကို လေးစားရိုသေ အသိအမှတ်ပြုကြရမည်ဖြစ်သည်။

အတိတ်ကာလများစွာက မိမိတို့၏လူမှုဘဝနှင့် အသိုက်အဝန်းကို အကျိုးပြုခဲ့ကြသူများသည် သက်ကြီးရွယ်အိုဘဝသို့ရောက်သည့်အခါ အထီးကျန်ဆန်သောဘဝများ၊ တန်းတူရည်တူ မစွမ်းဆောင်နိုင်သောဘဝများမှ အပယ်ခံဘဝများ၊ စွန့်ပစ်ခံဘဝများသို့ ရောက်ကြရသည်။ ထို့ကြောင့် အစိုးရအဖွဲ့အစည်းများနှင့် လူမှုကူညီရေးအဖွဲ့အစည်းများက ဘိုးဘွားရိပ်သာကဲ့သို့ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးလာကြသည်။ အာဆီယံနိုင်ငံများနှင့် အရှေ့အာရှနိုင်ငံများတွင် သက်ကြီးရွယ်အိုပုဂ္ဂိုလ်များအား အိမ်အရောက်စောင့်ရှောက်ခြင်း၊ မိသားစုအခြေပြုစောင့်ရှောက်ခြင်း၊ ဂေဟာငယ်များ တည်ထောင်စောင့်ရှောက်ခြင်း၊ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာဖွင့်လှစ်ခြင်း၊ စေတနာ့ဝန်ထမ်းဘိုးဘွားရိပ်သာများ တည်ထောင်ဖွင့်လှစ်ခြင်းတို့ဖြင့် ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် အစောပိုင်းကတည်းက ခိုကိုးရာမဲ့၊ အားကိုးရာမဲ့သည့် သက်ကြီးရွယ်အိုများကို စေတနာ့ဝန်ထမ်းဘိုးဘွားရိပ်သာများ ဖွင့်လှစ်ပြီးစောင့်ရှောက်ပေးခဲ့သည်။ ယခုအခါ လူမှုဝန်ထမ်းဦးစီးဌာန၏ တည်ထောင်ခွင့်ပြုမိန့်ရ ဘိုးဘွားရိပ်သာပေါင်း ၉၄ ခုရှိသည်။ မြန်မာနိုင်ငံတွင် လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်အရ “သက်ကြီးလူမှုရေးပင်စင်ထောက်ပံ့ရေးအစီအစဉ်”ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ၁၉၄၁ ခုနှစ် ဧပြီလ ၁ ရက်မတိုင်မီ မွေးဖွားခဲ့သည့် အသက် ၈၅ နှစ်ပြည့်ပြီးသော သက်ကြီးပုဂ္ဂိုလ်များအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် သုံးလပတ် နှစ်ကြိမ် ခြောက်လစာထောက်ပံ့ခြင်းကို ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်၏ဖုန်းထဲသို့ ငွေလွှဲခြင်းနည်းလမ်းဖြင့် ဆောင်ရွက်ပေးမည်ဟု သိရသည်။ ထို့အပြင် အသက်ကြီးသူများကိုယ်တိုင်ဦးဆောင်၍ ထိခိုက်လွယ်အုပ်စုဖြစ်သည့် မသန်စွမ်းသူများ၊ အမျိုးသမီးများဖြင့် ရပ်ရွာအခြေပြု အသက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့ ၃၆၈ ဖွဲ့ကို ရေရှည်ရပ်တည်နိုင်ရေးအတွက် မတည်ရန်ပုံငွေများ ထုတ်ပေးလျက်ရှိသည်ဟု သိရသည်။

ယခုအခါ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိနိုင်ငံများ၌ သက်ကြီးရွယ်အိုအုပ်စုဝင်များ ပိုမိုများပြားလာသည်ကို တွေ့ရသည်။ အသက် ၁၂၀ ကျော်အထိ အသက်ရှည်လာသည့် သက်ကြီးပုဂ္ဂိုလ်များရှိလာပြီး မကြာသေးမီက မြန်မာနိုင်ငံအတွင်း အသက် ၁၂၀ ကျော်ရှည်သည့် ဘိုးဘွားများအား ဒေသဆိုင်ရာအစိုးရအဖွဲ့များက ထောက်ပံ့ကူညီခဲ့သည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အိုပုဂ္ဂိုလ်များ ကာကွယ်စောင့်ရှောက်ရေးကို ရှေ့ဆောင်ရှေ့ရွက်ပြုနိုင်ရန် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီတို့ကို ပြန်လည်ဖွဲ့စည်းထားသည်။ တတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင်လည်း လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာကော်မတီကို ဖွဲ့စည်းထားပြီး ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ ၂၀၁၆ ခုနှစ် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေတွင် သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို ပြဋ္ဌာန်းထားသည်။ ၂၀၂၂ ခုနှစ် သက်ကြီးရွယ်အိုများဆိုင်ရာနည်းဥပဒေတွင် သက်ကြီးရွယ်အို သက်သေခံကတ်ပြားရရှိထားသော သက်ကြီးရွယ်အိုများသည်သာ ဥပဒေအရ သက်သာချောင်ချိခွင့် အခွင့်အရေးများ ခံစားခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။

ကမ္ဘာတစ်ဝန်းတွင် သက်ကြီးရွယ်အိုဘိုးဘွားများ များပြားလာမှုသည် လူ့အသိုက်အဝန်းတစ်ခုလုံးအတွက် ထူးခြားသောပြောင်းလဲမှုတစ်ရပ်ဟု မှတ်ယူရမည်ဖြစ်သည်။ လူ့သက်တမ်းပိုရှည်လာခြင်းသည် ယခင်က မရှိခဲ့ဖူးသောအခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ရန်ဖြစ်သော်လည်း ယခုအခါ ကျန်းမာရေးစနစ်များ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ ပညာရေး၊ အိုးအိမ်နှင့် ပြည်သူ့ရေးရာမူဝါဒစသည်တို့သည် လူ့သက်တမ်းတစ်လျှောက် မည်သို့မည်ပုံအရေးပါလာသည်ကို စဉ်းစားသုံးသပ်ရန်လိုအပ်လာသည်။ ယခု ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အတွက် ချမှတ်ထားသော “သက်ရှည်ကျန်းမာခေတ်သစ်ဆီ စနစ်သစ်များဖြင့် လျှောက်လှမ်းမည်”ဆောင်ပုဒ်နှင့်အညီ တိုးတက်လာသော သက်ကြီးရွယ်အိုပုဂ္ဂိုလ်များ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များကို အစိုးရ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ စေတနာရှင်များ ပူးပေါင်း၍ ပိုမိုမြင့်တင် စောင့်ရှောက်ပေးရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာရဲမြင့်အား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန်တာဝန်ပေးအပ်လိုက်သည်။

## (၃၀-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၂.၂ ~ ၃၆၇၀ | ၅၅၇.၅ ~ ၅၅၈.၇ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆၀ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၅,၇၀၂,၁၃၂.၂၃ | ၆,၀၄၂,၀၇၂.၆၉ | ၈၅,၅၆၀,၈၇၉.၁၀ | |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၃၀ - ၉ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ်** ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃၀ - ၉ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၅၀၀ | ၁၈,၅၀၀ | ၈၀၈ | ၁၄,၉၄၈,၀၀၀ |
| MTSH | ၈,၇၀၀ | ၈,၇၀၀ | ၁,၄၁၃ | ၁၂,၂၉၃,၁၀၀ |
| MCB | ၁၂,၅၀၀ | ၁၂,၅၀၀ | ၄၁၄ | ၅,၁၇၇,၀၀၀ |
| FPB | ၇,၁၀၀ | ၇,၁၀၀ | ၄၁၉ | ၂,၉၇၄,၉၀၀ |
| TMH | ၃,၃၅၀ | ၃,၃၀၀ | ၁၇ | ၅၆,၁၅၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၂,၈၄၅ | ၄,၉၀၃,၇၅၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၁၀ | ၄၅,၀၀၀ |
| MAEX | ၆,၆၀၀ | ၆,၄၀၀ | ၁၀၅ | ၆၇၃,၆၀၀ |
| MADPL(PLB) | ၆,၄၀၀ | ၆,၂၀၀ | ၅၀၂ | ၃,၁၂၂,၆၀၀ |
| ASPGB(PLB) | ၆,၁၀၀ | ၆,၀၀၀ | ၄,၇၆၈ | ၂၈,၈၇၁,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ **ရှေ့ဖုံးမှ**

စနစ် ဆောင်ရွက်ပေးနိုင်ရေး၊ အရည်အချင်း ပြည့်မီသောဝန်ထမ်းများ ရာထူးတိုးစာမေးပွဲ ဖြေဆိုခွင့်ပြုနိုင်ရေး၊ ဆေးရုံအသစ်တည်ဆောက်ပေးရေး၊ အထူးကုဆရာဝန်များ ခန့်ထားရေး၊ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်းများ ထောက်ပံ့ပေးရေး၊ လမ်းများ အဆင့်မြှင့်တင်ပေးရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်း ဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး၏ **ရန်ကုန်မြို့၌ ယာဉ်ကြောကျပ်တည်းမှုနှင့် လမ်းပိတ်ဆို့မှုအတွက် ယာဉ်ကြောဆိုင်ရာကိစ္စများကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်က ရန်ကုန်မြို့တော်အား Smart City မြို့တော်ကြီးအဖြစ် အကောင်အထည်ဖော်နိုင်ရေး အထောက်အကူဖြစ်စေရန် လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ (မီးပွိုင့်များ)တွင် အဆင့်မြင့် Controller များ တပ်ဆင်ခြင်း၊ လူကူးမျဉ်းကျား၊ မသန်စွမ်းသူများ သွားလာနိုင်သော ပလက်ဖောင်းများ၊ စက်ဘီးလမ်းများ၊ စက်လှေကားပါသော လူကူးခုံးကျော် တံတားများ၊ Underpass များ တည်ဆောက်ပေးထားပြီး ရန်ကုန်မြို့ယာဉ်သွားလာမှု ထိန်းချုပ်ရေးဗဟိုစင်တာ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)၊ အမှတ်(၁) အဆင့်မြင့် ဆက်သွယ်ရေးတပ်ရင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးတို့ပူးပေါင်း၍ IT နည်းပညာအသုံးပြုပြီး Road Safety၊ Traffic Management နှင့် လုံခြုံရေးဆိုင်ရာများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း အများပြည်သူ ဆင်းရဲချမ်းသာမရွေး ခရီးသွားလာရာတွင် လုံခြုံစိတ်ချပြီး စိတ်ချမ်းမြေ့စွာသွားလာနိုင်ရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူစည်းကမ်းများကို ညီညွတ်မျှတစေရန် ခရီးလမ်းပန်းအဆင်ပြေတွင်ကျယ် လျင်မြန်စေရန်၊ နိုင်ငံတကာနည်းတူ Smart City မြို့တော်ကြီးအဖြစ် တည်ဆောက်နိုင်ရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီတို့ ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လပွတ္တာမဲဆန္ဒနယ်မှ ဦးဝင်းဆွေ(ခ)ဦးဝင်းရွှေ၏ **လပွတ္တာမြို့နယ်ရှိ ကိုင်းသောင်၊ ပုံကမာ၊ ရေတွင်းဆိပ်နှင့် ကုန်းကြီးရွာတို့၌ School cum shelter (၄)လုံးဆောက်လုပ်မှု ရပ်နားထားသည့်အပေါ် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက လပွတ္တာမြို့နယ်ရှိ Shelter ၄ လုံးအနက် ကိုင်းသောင်ကျေးရွာ Shelter သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၌ Marval Wealth ကုမ္ပဏီမှ ဆောက်လုပ်ခဲ့ရာ ၂၀ ရာခိုင်နှုန်းသာ ပြီးစီးခဲ့ပြီး လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခြင်း မပြုတော့ပါသဖြင့် ပြန်လည်အပ်နှံခဲ့သည့် လုပ်ငန်းဖြစ်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်လိုသည့် ကုမ္ပဏီကို ရှာဖွေသော်လည်း လမ်းခရီးဝေးကွာခြင်း၊ လုပ်ငန်းသုံးပစ္စည်းများ သယ်ယူပို့ဆောင်ရန် ခက်ခဲခြင်းတို့ကြောင့် ဆောင်ရွက်လိုသည့် ကုမ္ပဏီမရှိပါကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြခဲ့သည့် လုပ်ငန်းဖြစ်ပါကြောင်း။

ပုံကမာကျေးရွာ Shelter သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် Silver Star Pathein ကုမ္ပဏီမှ ၂၃-၉-၂၀၂၄ ရက်နေ့တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်း ၃၅ ရာခိုင်နှုန်း ပြီးစီးပြီးနောက် တည်ဆောက်ရေးလုပ်ငန်းအခက်အခဲများရှိပါသဖြင့် အဆိုပါကုမ္ပဏီမှ လုပ်ငန်းရပ်နားမှုတင်ပြခဲ့ရာ တိုင်းဒေသကြီး အစည်းအဝေး အမှတ်စဉ်(၅/၂၀၂၆)တွင် ဆွေးနွေးပြီး ဆုံးဖြတ်ချက်အရ "လုပ်ငန်း ပြန်လည်အပ်နှံခွင့်ပြုကြောင်း၊ လုပ်ငန်းများ၏ ပြီးစီးရန် ကျန်လုပ်ငန်းတန်ဖိုးနှင့် PG တန်ဖိုးများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေသို့ ပြန်လည်အပ်နှံခွင့်ပြုကြောင်းနှင့် ကုမ္ပဏီအား(Black list) စာရင်းရေးသွင်းဆောင်ရွက်ရန်" ဆုံးဖြတ်ခဲ့ပါကြောင်း။

ရေတွင်းဆိပ်ကျေးရွာ Shelter သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် မဏ္ဍိုင်သစ္စာ ကုမ္ပဏီမှ ၂၃-၉-၂၀၂၄ ရက်နေ့တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်း ၃၅ ရာခိုင်နှုန်း ပြီးစီးပြီးနောက် တည်ဆောက်ရေးလုပ်ငန်း အခက်အခဲများရှိပါသဖြင့် အဆိုပါကုမ္ပဏီမှ လုပ်ငန်းရပ်နားမှုတင်ပြခဲ့ရာ တိုင်းဒေသကြီး အစည်းအဝေး အမှတ်စဉ်(၅/၂၀၂၆)တွင် ဆွေးနွေးပြီး ဆုံးဖြတ်ချက်အရ "လုပ်ငန်းသဘောတူစာချုပ်ပါ စည်းကမ်းချက်များအရ လုပ်ငန်းသဘောတူစာချုပ်ရပ်စဲပြီး ယင်း Shelter အတွက် ၆၅ ရာခိုင်နှုန်းထုတ်ရန် ကျန်ငွေအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေသို့ ပြန်လည်အပ်နှံခွင့်ပြုကြောင်း" ဆုံးဖြတ်ခဲ့ပါကြောင်း။

ကုန်းကြီးကျေးရွာ Shelter သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၃၄၈ ဒသမ ၆၀၀ ဖြင့် Ayar Pioneer ကုမ္ပဏီမှ ၅-၁၀-၂၀၂၃ ရက်နေ့တွင် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်း ၆၀ ရာခိုင်နှုန်းပြီးစီးသည့် ငွေထုတ်ယူခဲ့ပြီးနောက် လုပ်ငန်းစာချုပ်အရ သက်တမ်းကျော်လွန်ပြီး ဖြစ်သည့်အပြင် မြေပြင်တွင် ဆက်လက်ဆောင်ရွက်ခြင်း မရှိပါသဖြင့် Ayar Pioneer ကုမ္ပဏီအား အမည်ပျက်စာရင်း (Black list) ရေးသွင်း၍ PG ၅ ရာခိုင်နှုန်းနှင့် ကျန်ရှိသည့် လုပ်ငန်းတန်ဖိုး ၄၀ ရာခိုင်နှုန်းငွေအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေစာရင်းသို့ ပေးသွင်းနိုင်ရေး တင်ပြထားကြောင်း။

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက ဒေသလိုအပ်ချက်အရ တင်ပြလာသည့် လုပ်ငန်းများကို ရန်ပုံငွေပေါ်မူတည်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုချက်များ ရယူဆောင်ရွက်ပေးထားပြီးဖြစ်သည့်အပြင် အခက်အခဲများကြောင့် ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ အစိုးရအဖွဲ့များ၏ တင်ပြချက်အပေါ် ရန်ပုံငွေပြန်လည်အပ်နှံလိုမှုများကိုလည်း ပြန်လည်အပ်နှံ ခွင့်ပြုခဲ့ပါကြောင်း၊ အဆိုပါရန်ပုံငွေ ပြန်လည်အပ်နှံသည့် လုပ်ငန်းများ မြေပြင်တွင် ပြီးစီးအောင် ဆောင်ရွက်ရေးမှာ သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ သင့်လျော်သည့် အစီအမံဖြင့် ဆက်လက်ဆောင်ရွက်ရန် ဖြစ်ပါကြောင်းနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လပွတ္တာမြို့နယ် (ကုန်းကြီး၊ ပုံကမာ၊ ရေတွင်းဆိပ်) ကျေးရွာတို့တွင် ဆောက်လုပ်သည့် Shelter ၃ လုံးအား ဒေသပေါက်ဈေးဖြင့် ဆက်လက်ဆောင်ရွက်နိုင်မည့် ကုမ္ပဏီများဖြင့် ဆက်သွယ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းပြန်လည်ဖြေကြားသည်။

ဗိုလ်တထောင် မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်၏ **အိမ်ရာမဲ့များ၏ဘဝရပ်တည်မှုနှင့် လူမှုဖူလုံရေးစနစ်အတွင်း ပြန်လည်ဝင်ရောက်နိုင်စေရန် ကူညီဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက အိမ်ရာမဲ့များကို လူမှုဘဝရပ်တည်မှု ကောင်းမွန်စေရေး အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများက လူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကွင်းဆင်းအသိပညာပေး ဟောပြောခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ချပြရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီး လေလွင့်တောင်းရမ်းသူများ မရှိစေရေးနှင့် ဝင်ငွေရရှိသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အသက်မွေးဝမ်းကျောင်းသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ အိမ်ရာမဲ့များအား စနစ်တကျ စိစစ်ဆောင်ရွက်ပြီး တည်ငြိမ်သော အိမ်ရာ၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးစနစ်အတွင်း ပြန်လည်ဝင်ရောက်နိုင်စေရန် လူငယ်သင်တန်းကျောင်းများ၊ အိမ်တွင်းမှု အသက်မွေးပညာသင်တန်းကျောင်းများသို့ ပို့ဆောင်ကာ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်းနှင့် အတန်းပညာများသင်ကြားပေးခြင်းတို့ကို လည်းကောင်း၊ ပုဂ္ဂလိက စက်ရုံ/အလုပ်ရုံများနှင့် ချိတ်ဆက်၍ အလုပ်အကိုင်ရှာဖွေပေးခြင်းတို့ကို လည်းကောင်း ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိပြီး နေ့စားသဘောမျိုးဖြင့် စီးပွားရေး အမြတ်ထုတ်ကာ တောင်းရမ်းစားသောက်ရန် ခိုင်းစေခြင်းခံရသူများအား ကူညီကယ်တင်၍ ထိုသို့ပြုလုပ်ရန် ခိုင်းစေသူများအား ဖော်ထုတ်ကာ ထိရောက်ဟန့်တားလောက်သည့် ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်ခြင်း တို့အား သက်ဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆားလင်းကြီး မဲဆန္ဒနယ်မှ ဦးစောမောင်၏ **ကျန်းမာရေးဌာန၏ အောက်ခြေဝန်ထမ်းများ အရည်အချင်း ပြည့်မီပါက ရာထူးတိုး စာမေးပွဲဖြေဆိုခွင့် ပုံမှန်ရရှိရေး ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ အမှုထမ်းများ၏ ရာထူးတိုးမြှင့်ရေးကိစ္စရပ်များအား နှစ်စဉ် ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် ရာထူးတိုးလုပ်ငန်းစဉ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ အရည်အချင်းနှင့်ကိုက်ညီသူ အမှုထမ်းများအား ရာထူးတိုးစာမေးပွဲ စစ်ဆေးခဲ့ပြီး ရုံးအကူ/ လုပ်သား/ သန့်ရှင်းရေးစသည့် အောက်ခြေဝန်ထမ်းများ အပါအဝင် အမှုထမ်း စုစုပေါင်း ၂၅၃ ဦးအား ရာထူးတိုးမြှင့်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

ကုသရေးဦးစီးဌာနတွင် ဗဟိုအဆင့်ဆေးရုံကြီးများ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ဆေးရုံများတွင် ခန့်ထားသော အကူသူနာပြုများအား သတ်မှတ်ထားသောအသက်၊ လုပ်သက်ကာလ၊ ပညာအရည်အချင်းများ ပြည့်မီကိုက်ညီပါက ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာနမှ နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးသော သူနာပြု-သားဖွားဒီပလိုမာ (၃)နှစ်သင်တန်းနှင့် သားဖွားဒီပလိုမာ(၂)နှစ် သင်တန်းများအား ဝင်ခွင့် လျှောက်ထားနိုင်ပြီး သင်တန်းဆင်း အောင်မြင်ပြီးပါက သူနာပြု၊ သားဖွားဆရာမရာထူးသို့ တိုးမြှင့်ခန့်ထားပေးပါကြောင်း။

ပြည်သူ့ဆေးရုံများနှင့် ဌာနများရှိ သတ်မှတ်အရည်အချင်းနှင့် လုပ်သက်ပြည့်မီသော အမှုထမ်းများအား ရာထူးတိုးမြှင့်ခန့်ထားခြင်းကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၆ ခုနှစ်အတွက် ရာထူးတိုးမြှင့်ခန့်ထားရေးအစီအစဉ်အား အောက်တိုဘာလတွင် အရည်အချင်းစစ် စာမေးပွဲများ ကျင်းပမည်ဖြစ်ပြီး သတ်မှတ်ချက်နှင့်ကိုက်ညီ၍ အရည်အချင်းပြည့်မီသော အမှုထမ်းများအား ရာထူး တိုးမြှင့်ခန့်ထားပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ငပုတော မဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်၏ **ငပုတောမြို့နယ် မန်ကျည်းပင် တိုက်နယ်ဆေးရုံအဆောက်အအုံအား အသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ငပုတောမြို့နယ် မန်ကျည်းပင် တိုက်နယ်ဆေးရုံ အဆောက်အအုံအား ၁၈-၂-၂၀၀၅ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ၁၆ ကျေးရွာအုပ်စုမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေပါကြောင်း၊ အဆိုပါ အဆောက်အအုံတွင် လူနာဆောင်၊ ခွဲစိတ်ခန်းနှင့် ဓာတ်ခွဲခန်းတို့ပါရှိပြီး ဓာတ်ခွဲခန်းအား ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် စံကိုက်ဓာတ်ခွဲခန်းအဖြစ် ပြင်ဆင်ဆောင်ရွက်ခဲ့ကာ ဓာတ်မှန်ခန်းအား အလှူရှင်များက ဆောက်လုပ်ပေးလျက်ရှိပါကြောင်း၊ ၂၂-၆-၂၀၂၆ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၏ မြေပြင်ကွင်းဆင်း စစ်ဆေးချက်အရ ဆေးရုံဥပဓိရုပ်ကောင်းမွန်စေရေးနှင့်ကြံ့ခိုင်ရေးအတွက် ဦးစားပေးလုပ်ငန်းများအနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

လုပ်ငန်းဆောင်ရွက်ပြီးစီးမှုမှာ သားဖွားခန်းနှင့် သားဖွားလူနာဆောင်တို့တွင် Trolly Way ပြုလုပ်ခြင်းမှာ ၁၀၀ ရာခိုင်နှုန်း၊ အရေးပေါ်လူနာဆောင် ပြုပြင်ခြင်းမှာ ၈၀ ရာခိုင်နှုန်း၊ ဓာတ်မှန်ခန်းတွင် Control Room ပြုလုပ်ခြင်းမှာ ၈၀ ရာခိုင်နှုန်း၊ ဓာတ်မှန်ခန်းပြုပြင်ခြင်း ၅၀ ရာခိုင်နှုန်း၊ ဆေးရုံပင်မဆောင်၊ အမျိုးသား/ အမျိုးသမီး လူနာကုသဆောင်များ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ဆေးသုတ်ခြင်း လုပ်ငန်းတို့မှာ ၉၀ ရာခိုင်နှုန်း၊ ရင်ခွဲရုံပြန်လည်တည်ဆောက်မွမ်းမံခြင်း ၂၅ ရာခိုင်နှုန်း၊ ရင်ခွဲရုံသို့ လျှောက်လမ်းပေ ၁၀၀ အရှည်ခင်းခြင်း ၁၀၀ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ အမှိုက်မီးရှို့ဆောင် ပြန်လည်တည်ဆောက်မွမ်းမံခြင်း၊ ဆေးရုံခြံစည်းရိုးကာရံခြင်းလုပ်ငန်းတို့အတွက် ပစ္စည်းများဝယ်ယူထားရှိပြီးဖြစ်၍ ရာသီဥတုအပေါ်မူတည်၍ ပြုပြင်လျက်ရှိပါကြောင်း၊ ခွဲစိတ်ခန်းအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် အသစ်ဆောက်လုပ်ရန် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တမူး မဲဆန္ဒနယ်မှ ဦးအောင်ကိုလတ်၏ **တမူးမြို့ ခရိုင်ပြည်သူ့ဆေးရုံ အတွက် အထူးကုဆရာဝန်များ ခန့်ထားပို့ဆောင်ရန်၊ လိုအပ်သောဆေးဝါးနှင့် ကျန်းမာရေးပစ္စည်းများအား ပို့ဆောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက တမူးပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ် ဒေါက်တာထန်ရှန်းခိုင်တာဝန် ထမ်းဆောင်လျက်ရှိပါကြောင်း၊ အတွေ့အကြုံရင့်ကျက်ပြီး ခွဲစိတ်ကုသမှုများကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်သည့် လုပ်သက်ရင့် ဆရာဝန်တစ်ဦးဖြစ်ပါကြောင်း၊ တမူးပြည်သူ့ဆေးရုံသည် နေ့စဉ်ပြင်ပလူနာနှစ်ဦးနှင့် အတွင်းလူနာ ၂၄ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အထူးကုဆရာဝန်များအား နှစ်စဉ်လေ့ကျင့်သင်ကြား မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ သို့ရာတွင် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်ကို အရည်အသွေးပြည့်ဝစွာ ပေးအပ်နိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ် နည်းပါးမှုကိုလည်း ရင်ဆိုင်နေရဆဲဖြစ်ပါကြောင်း၊ အရေးပေါ်ခွဲစိတ်ကုသမှုများ ဆောင်ရွက်နိုင်ရန်အတွက် ခွဲစိတ်အထူးကုဆရာဝန်တစ်ဦးအား ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလအတွင်း ခန့်ထားပေးသွားမည်ဖြစ်ပြီး နယ်မြေဒေသအခြေအနေနှင့် ဆေးရုံလုပ်ငန်းဆောင်ရွက်မှုများအပေါ်မူတည်၍ အထူးကု ဆရာဝန်များအား ထပ်မံလျာထားသွားမည်ဖြစ်ပါကြောင်း။

တမူး ပြည်သူ့ဆေးရုံသည် ခုတင်(၁၀၀)ဆံ့ ဆေးရုံဖြစ်သဖြင့် ကုသရေးဦးစီးဌာန ဖြန့်ဖြူးရေးဌာနခွဲမှ ဆေးနှင့်ဆေးပစ္စည်းများအား စစ်ကိုင်းတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ တစ်ဆင့် ဖြန့်ဖြူးလျက် ရှိပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ တိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် တမူးမြို့ပြည်သူ့ဆေးရုံသို့ ထောက်ပံ့မည့်ဆေးနှင့်

**စာမျက်နှာ ၄ သို့** ☆

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ



ရန်ကုန် စက်တင်ဘာ ၃၀

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(NCA–S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ အတွင်းရေးမှူး(၁) စောကျော်ညွှန့်၊ မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်အောင်မငေး၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) စစ်ရေးချုပ်စောစိန်ဝင်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) အထွေထွေအတွင်းရေးမှူး စောမြသန္တာ၊ NCA–S EAOs အဖွဲ့များ၏ ညှိနှိုင်းရေးမှူးများဖြစ်ကြသော ဦးမျိုးဝင်းနှင့် နန်းယဉ်ယဉ်စိုးတို့ ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (အငြိမ်းစား)က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း မတူကွဲပြားသော ပါဝင်ပတ်သက်သူများ ပြန်လည်ချိတ်ဆက်နိုင်ရေးဆိုင်ရာမူဘောင်အား ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဆွေးနွေးပွဲ ပထမရက်တွင် ဆွေးနွေးရန် ကျန်ရှိသည်များအား ဆက်လက်ဆွေးနွေးရာတွင် NCA အနှစ်သာရကို အခြေခံ၍ ဆက်လက်ဆောင်ရွက်သွားမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာများ၊ EAO များ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် မတူညီသောရည်မှန်းချက်၊ လိုလားချက်များအား ဘုံနိုင်ငံရေး မူဘောင်သတ်မှတ်၍ တစ်ခုတည်းသောငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု တည်ဆောက်နိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဒေသခံများ၊ လူမှုအဖွဲ့အစည်းများ၊ လူငယ်နှင့် အမျိုးသမီးများ ပါဝင်လာအောင် ချိတ်ဆက်ဆောင်ရွက်ရေး၊ မတူကွဲပြားသည့် သက်ဆိုင်သူများအကြား ဆက်ဆံရေးကောင်းမွန်လာပြီး ယုံကြည်လက်ခံနိုင်သော ပေါင်းစည်းချိတ်ဆက်မှုဖြင့် ယုံကြည်မှုတည်ဆောက်ခြင်းကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က NSPNC ၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး နှစ်ရက်တာဆွေးနွေးချက်များမှ ရရှိလာသော သဘောထားစုစည်းချက်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ ပိုမိုထိရောက်သောဆွေးနွေးပွဲများ ကျင်းပ၍ တိကျသည့် သဘောတူညီချက်များချမှတ်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် နှစ်ရက်တာ ဆွေးနွေးညှိနှိုင်းရရှိမှုများအား မှတ်တမ်းတင်ဆောင်ရွက်ရာတွင် ဆွေးနွေးမှုပုံစံနှင့်ပတ်သက်၍ NSPNC နှင့် NCA–S EAO များအကြား ဆောင်ရွက်မည့်အခြေအနေများ၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကော်မတီများဖွဲ့စည်းဆောင်ရွက်မှု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် လူထုအခြေပြုဆွေးနွေးပွဲများ၊ ဖိုရမ်များ ကျင်းပပြုလုပ်ရာတွင် သက်ဆိုင်ရာ NCA–S EAO များ ပူးပေါင်းဆောင်ရွက်သွားရေး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပြန်လည်ပါဝင်လာစေရေး၊ NCA အနှစ်သာရကို အခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ယုံကြည်မှုတည်ဆောက်ခြင်းအား တိုးမြှင့်တည်ဆောက်နိုင်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စတို့ကို နှစ်ဖက်သဘောထားအမြင်တူညီသည့် သဘောထားစုစည်းချက်များအဖြစ် မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

ထို့နောက် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA–S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားခဲ့ပြီးနောက် ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဧရာဝတီတိုင်းဒေသကြီးစာရင်းစစ်ချုပ် ပုသိမ်ခရိုင်စာရင်းစစ်ရုံး ဝန်ထမ်းများနှင့် တွေ့ဆုံ



ပုသိမ် စက်တင်ဘာ ၃၀

ဧရာဝတီ တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်ငြိမ်းငြိမ်းဝင်းသည် တိုင်းဒေသကြီးညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများနှင့်အတူ စက်တင်ဘာ ၂၉ ရက် ညနေပိုင်းက ပုသိမ်ခရိုင်စာရင်းစစ်ရုံးသို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ရုံးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်ငြိမ်းငြိမ်းဝင်းသည် ပုသိမ်ခရိုင်စာရင်းစစ်ရုံးမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ စစ်ဆေးရေးလုပ်ငန်းများ ထိရောက်အောင်မြင်စေရေး၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို ကျင့်ဝတ်သိက္ခာနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊ Bookkeeping သင်တန်း၊ ဌာနသင်တန်းဖွင့်လှစ်မည့်ကိစ္စရပ်များကို ဆွေးနွေးသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် အဖွဲ့သည် တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး ဘန့်ဘွေးကုန်း အမျိုးသမီးဝန်ထမ်း အဆောင်နှစ်ဆောင်နှင့် နှစ်ခန်းတွဲ အရာထမ်းနေအိမ်များသို့ သွားရောက်ကာ အိမ်ရာအဆောင်များ လုံခြုံရေး၊ သန့်ရှင်းရေးနှင့် ပြင်ဆင်ရန် လိုအပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အဆောင်နေ ဝန်ထမ်းများ ကျန်းမာ ကြံ့ခိုင်ရေးအတွက် အားကစားပစ္စည်း လေးမျိုး တပ်ဆင်ရန် လေဝင်လေထွက်ကောင်းမည့်နေရာ ရွေးချယ်ခြင်းနှင့် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ကျော်ဟိန်း(ပြန်/ဆက်)**

## ဒဂုံမြို့နယ် သမဝါယမအသင်းစု အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ



ရန်ကုန် စက်တင်ဘာ ၃၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် သမဝါယမအသင်းစု ၂၀၂၄–၂၀၂၅/၂၀၂၅–၂၀၂၆ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဒေါ်ခင်စောဦးက အမှာစကားပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးသူမြင့်က ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့မှ ချမှတ်ထားသည့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပြောကြားသည်။

ယင်းနောက် မြို့နယ်သမဝါယမအသင်းစု၏ အမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြား၍ အတည်ပြုချက်ရယူသည်။

ဆက်လက်၍ တိုင်းအဆင့်ဖွဲ့စည်းရေးကော်မတီ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ရှေ့မှောက်တွင် အမှုဆောင်သစ်များကို ဥပဒေနှင့်အညီ ရွေးချယ်ခဲ့ပြီး ကတိသစ္စာခံယူကာ တာဝန်များ ခွဲဝေပေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## ပေါင်းတည်မြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်



ပေါင်းတည် စက်တင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းကို ယနေ့နံနက်ပိုင်းက ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့များအား ဖွင့်လှစ်ပို့ချသည်။

ဦးစွာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုးက သင်တန်းနှင့်ပတ်သက်၍ အမှာစကားပြောကြားကာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသင်းသင်းခိုင်က သင်တန်းဖွင့်လှစ်ပို့ချရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးက တိရစ္ဆာန်ကောင်ရေမွေးမြူထားမှုများကို ရပ်ရွာများအတွင်း ကွင်းဆင်းဆောင်ရွက်ရာ၌ ပြည်သူများထံမှ အချက်အလက်များ တိကျမှန်ကန်စွာ စာရင်းကောက်ယူနိုင်ရေးအတွက် စာရင်းဇယားပုံစံများနှင့်တကွ ရှင်းလင်းဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **ပေါင်းတည်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် စက်တင်ဘာ ၃၀

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# လူတိုင်းဥပဒေအသိပညာရရှိရန် ဥပဒေရေးရာဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှုမှသည် တရားဥပဒေစိုးမိုးရေးဆီသို့

**တရားဥပဒေစိုးမိုးရေးသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းသာယာရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ တရားဥပဒေစိုးမိုးမှု အားကောင်းလာစေရန် ပြည်သူတိုင်း ဥပဒေကို သိရှိနားလည်ပြီး လေးစားလိုက်နာခြင်းသည် အရေးကြီးပေသည်။ ပြည်သူတိုင်း ဥပဒေသိရှိနားလည်စေရန် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများ ပုံစံအမျိုးမျိုး၊ နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်သည် အထိရောက်ဆုံးသော လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။**

ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေအသိပညာပြန့်ပွားစေခြင်းအားဖြင့် ပြည်သူများသည် မိမိတို့၏ လိုက်နာစောင့်ထိန်းရမည့်တာဝန်နှင့် အခွင့်အရေးကို ကောင်းစွာခွဲခြားသိမြင်လာခြင်းဖြင့် နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးလုပ်ငန်းစဉ်များ တိုးတက်မြင့်မားလာစေပါသည်။ ထို့ကြောင့် ဥပဒေဆိုင်ရာ အသိပညာပေးခြင်း (Legal Advocacy)သည် လူတစ်ဦးချင်းစီ၏ ဘဝလုံခြုံမှုကို ခိုင်ခံ့စေရုံသာမက နိုင်ငံတော်၏တရားဥပဒေစိုးမိုးရေးတိုးမြှင့်မှုအတွက် အဓိက လုပ်ငန်းစဉ်နှင့် အခြေခံအုတ်မြစ်ဖြစ်ပေသည်။ အဆိုပါအချက်ကို ကောင်းစွာရှုမြင်သော နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ကို ဥပဒေရေးရာဝန်ကြီးဌာနက တစိုက်မတ်မတ် အကောင်အထည်ဖော်လျက်ရှိပါသည်။

### ဥပဒေအသိပညာပြန့်ပွားရေး

ဥပဒေအသိပညာပြန့်ပွားရေးဆိုသည်မှာ အများပြည်သူကို မိမိတို့၏ ဥပဒေအခွင့်အရေး၊ လိုက်နာရန် ဥပဒေတာဝန်များနှင့် ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများကို သိရှိနားလည်စေပြီး မိမိကိုယ်ကိုကာကွယ်နိုင်ရန်၊ တရားမျှတမှုရယူနိုင်ရန်၊ လုပ်သင့်မလုပ်သင့်သည်ကို ကောင်းစွာ ခွဲခြားသိရှိနားလည်စေရန်တို့အတွက် ဥပဒေရေးရာများနှင့်စပ်လျဉ်းသည့် အသိပညာပေး လုပ်ငန်းစဉ်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ဤလုပ်ငန်းစဉ်သည် ဥပဒေပြဋ္ဌာန်းချက်များကို အလွတ်ကျက်မှတ်ခြင်းသက်သက်မဟုတ်ဘဲ နိုင်ငံသားတစ်ဦးအနေဖြင့် နေ့စဉ်ကြုံတွေ့ရသော လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာအငြင်းပွားမှုများကို ဥပဒေနှင့်အညီ ခွဲခြမ်းစိတ်ဖြာ ဖြေရှင်းနိုင်သည့် အသိပညာကြွယ်ဝမှု လက်တွေ့ကျွမ်းကျင်မှု (Practical Skills) နှင့် ဝေဖန်ပိုင်းခြားနိုင်မှု (Critical Legal Awareness)ပေးသည့် ပညာရပ်လည်းဖြစ်သည်။

ဥပဒေရေးရာဝန်ကြီးဌာနသည် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာနကို ဌာနခွဲငါးခုဖြင့် အသစ်တိုးချဲ့ဖွဲ့စည်းခဲ့ပြီး ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းကျောင်း (Legal Advocacy Center, LAC) ကို ဖွင့်လှစ်ခဲ့ပြီး မိမိဌာနတွင်းဝန်ထမ်းများအတွက်သာမက အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအပါအဝင် အရာထမ်းအမှုထမ်းများ၊ ရှေ့နေရှေ့ရပ်များ၊ တက္ကသိုလ်များရှိ ဥပဒေပညာ အထူးပြု ကျောင်းသားများ စသည့် အလွှာပေါင်းစုံတို့အား ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို ပုံစံမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

- ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းများ ဖွင့်လှစ်ခြင်း၊
- တက္ကသိုလ် ကျောင်းသား ကျောင်းသူများအတွက် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း (Naypyitaw State Academy မှ ဥပဒေကျောင်းသားများအတွက် လုပ်ငန်းခွင် လက်တွေ့ကွင်းဆင်းခြင်းကို ဥပဒေရေးရာဝန်ကြီးဌာနတွင် ဆောင်ရွက်စေခြင်း)၊
- Grade 11 နှင့် Grade 12 ကျောင်းသား ကျောင်းသူများအား ဥပဒေအသိပညာ သင်ကြားပို့ချနိုင်ရေး ဆောင်ရွက်ခြင်း၊
- ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(ToT)များကို ပညာရေးဝန်ကြီးဌာနမှ အထက်တန်းပြ ဆရာ ဆရာမများနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဖွင့်လှစ်ခြင်းနှင့် ဆင့်ပွားသင်တန်းများပို့ချစေခြင်း၊
- နိုင်ငံတစ်ဝန်းလုံးတွင် ဥပဒေအရာရှိများက ဥပဒေအသိပညာပြန့်ပွားရေး ဟောပြောပွဲများ ပြုလုပ်ခြင်း၊
- ဥပဒေဆိုင်ရာစာအုပ်များထုတ်ဝေခြင်း၊
- ခေတ်မီနည်းပညာ အသုံးပြု၍ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း (Myanmar Law Information System လွှင့်တင်ခြင်းနှင့် Myanmar Legal AI Assis-tant စနစ် ဆောင်ရွက်ခြင်း)၊
- ဥပဒေအရာရှိများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ လိုက်နာကျင့်သုံးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
- ဥပဒေအရာရှိများအား ဥပဒေသုတေသနအဖွဲ့ဖွဲ့စည်းပေး၍ ဥပဒေသုတေသနစာတမ်းများ ရေးသားပြုစုကာ ယင်းစာတမ်းများ ကိုးကား၍ နိုင်ငံတော်၏ မဏ္ဍိုင်ကြီး ၃ ရပ်ကို အထောက်အကူပြုပေးခြင်း၊

> **❛ဥပဒေအသိပညာပြန့်ပွားစေခြင်းအားဖြင့် ပြည်သူများသည် မိမိတို့၏ လိုက်နာစောင့်ထိန်းရမည့်တာဝန်နှင့် အခွင့်အရေးကို ကောင်းစွာခွဲခြားသိမြင်လာခြင်းဖြင့် နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးလုပ်ငန်းစဉ်များ တိုးတက်မြင့်မားလာစေပါသည်။ ထို့ကြောင့် ဥပဒေဆိုင်ရာ အသိပညာပေးခြင်း (Legal Advocacy)သည် လူတစ်ဦးချင်းစီ၏ ဘဝလုံခြုံမှုကို ခိုင်ခံ့စေရုံသာမက နိုင်ငံတော်၏တရားဥပဒေစိုးမိုးရေးတိုးမြှင့်မှုအတွက် အဓိက လုပ်ငန်းစဉ်နှင့် အခြေခံအုတ်မြစ်ဖြစ်❜**

### ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းများ ဖွင့်လှစ်ခြင်း

အစိုးရဌာန၊ အဖွဲ့အစည်းအသီးသီးရှိ အကြီးအကဲများ၏ ဆုံးဖြတ်ချက်များသည် ပြည်သူလူထုအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိသည်ဖြစ်ရာ မှန်ကန်သည့်ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးအတွက် ဥပဒေအသိပညာရှိရန် အရေးကြီးပါသည်။ ထို့ကြောင့် ဥပဒေရေးရာဝန်ကြီးဌာနသည် အစိုးရဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းများကို ၂၀၂၂ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ စဉ်ဆက်မပြတ် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုင်ငံ့ဝန်ထမ်း အကြီးအမှူးများဖြစ်သည့် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့် နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ်(၇)အထိ ဖွင့်လှစ်ပို့ချနိုင်ခဲ့ပြီး (Certificate of Legal Advocacy ) (CLA) ချီးမြှင့်ပေးနိုင်ခဲ့ပါသည်။ ယခုအခါတွင် နိုင်ငံ့ဝန်ထမ်းအကြီးအမှူး ၁၇၈ ဦးအား CLA လက်မှတ် ချီးမြှင့်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

အစိုးရဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးတွင် ဥပဒေနှင့်စပ်လျဉ်း၍ ကိုင်တွယ်ကျင့်သုံးနေရသည့် အဆင့်မြင့်အရာထမ်းများအား ဦးစားပေးရွေးချယ်ကာ ဥပဒေရေးရာ အခြေခံသဘောတရားများကို သိရှိနားလည်စေရန်၊ ဥပဒေရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော ဥပဒေဝန်ဆောင်မှုများကို သိရှိနားလည်စေရန်၊ လုပ်ငန်းတာဝန်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်စေရန်၊ ဥပဒေကို သိရှိနားလည်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ **ဥပဒေအသိပညာဒီပလိုမာ (Diploma in Legal Advocacy, DLA) သင်တန်းအမှတ်စဉ်(၁)**ကို သင်တန်းကာလ တစ်နှစ် ဖွင့်လှစ်သင်ကြားပို့ချနိုင်ခဲ့ပြီး ဥပဒေအသိပညာဒီပလိုမာ (DLA) ချီးမြှင့်ပေးခဲ့ပါသည်။ ယခုအခါ DLA လက်မှတ်ရရှိပြီးသူ ၅၀ ရှိပါသည်။

ဥပဒေအသိပညာဒီပလိုမာသင်တန်း(Diploma in Legal Advocacy, DLA)သည် ဥပဒေပညာရပ်အားနယ်ပယ်အသီးသီး၌ လက်တွေ့အသုံးချနိုင်မည့်နည်းလမ်းများကို ဦးစားပေးသင်ကြားပို့ချသည့် သင်တန်းဖြစ်သဖြင့် အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာ သင်တန်းဖြစ်ပြီး နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေးကဏ္ဍများ၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုလုပ်ငန်းများတွင် များစွာအထောက်အကူပြုစေရန် ဥပဒေအသိပညာဒီပလိုမာနှင့် ထိုက်တန်သည့် ဥပဒေသုတေသနစာတမ်းများ၊ ဥပဒေကျမ်းကြီးများကိုလည်း အောင်မြင်စွာ ပြုစုရေးသားစေသည့် သင်တန်းတစ်ခုဖြစ်ပါသည်။

### တက္ကသိုလ်ကျောင်းသား ကျောင်းသူများအတွက် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

ဥပဒေရေးရာဝန်ကြီးဌာနသည် "ပြည်သူ့အတွက်တည်ဆောက်လျက် ဥပဒေယုံကြည်ချက်" (Building Legal trust for the People) မဟာဗျူဟာစီမံကိန်းနှင့်အညီ ပညာရေးဝန်ကြီးဌာန တက္ကသိုလ်အသီးသီးရှိဥပဒေပညာဌာနမှကျောင်းသားများအတွက် ဥပဒေပညာရပ်ဆိုင်ရာ လက်တွေ့သင်တန်းများကို နှစ်စဉ်ဖွင့်လှစ်ပေးလျက်ရှိရာ Naypyitaw State Academy မှ ဥပဒေအထူးပြုကျောင်းသားများအတွက် အမှတ်စဉ်(၁)နှင့် အမှတ်စဉ် (၂)ကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ထိုသို့သင်ကြားပို့ချပေးခြင်းအားဖြင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား ဥပဒေကို ပိုမိုလေးစားလိုက်နာတတ်စေရန်နှင့် တရားဥပဒေစိုးမိုးရေး၏ အရေးပါပုံကို သိရှိနားလည်ပြီး အနာဂတ်တွင် ပြည်တွင်းတွင်သာမက နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ဥပဒေပညာရှင်များအဖြစ် လေ့ကျင့်ပေးနိုင်မည်ဖြစ်ပါသည်။

### အခြေခံပညာအထက်တန်းအဆင့်တွင် ဥပဒေအသိပညာသင်ကြားပို့ချနိုင်ရေး ဆောင်ရွက်ခြင်း

ကျောင်းသား ကျောင်းသူများသည် နိုင်ငံတော်၏ အနာဂတ်ဖြစ်သဖြင့် ၎င်းတို့အား ဥပဒေ အသိပညာပေးခြင်းသည် ငယ်စဉ်ကပင် ဥပဒေကို သိရှိနားလည်လာပြီး ဥပဒေကို လေးစားလိုက်နာတတ်သည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရန် ဥပဒေရေးရာဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အခြေခံပညာအထက်တန်းအဆင့် Grade 11 နှင့် Grade 12 ကျောင်းသား ကျောင်းသူများအား ဥပဒေအသိပညာသင်ကြားပို့ချသည့် လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ပထမဦးစွာ Grade 11 နှင့် Grade 12 သင်ကြားပို့ချမည့် အထက်တန်းပြ ဆရာ ဆရာမများကို ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(ToT)များ ဖွင့်လှစ်ပို့ချခဲ့ပြီး ယင်းဆရာ ဆရာမများက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဥပဒေအသိပညာဆင့်ပွားသင်တန်းများကို ဆက်လက်ဖွင့်လှစ်ခဲ့ကာ အထက်တန်းပြ ဆရာ ဆရာမများကို ဆင့်ပွားပို့ချခဲ့ပါသည်။ ဆရာ ဆရာမပေါင်း ၆၇၀၈ ဦးကို ToT ပေးနိုင်ခဲ့ပါသည်။

ဥပဒေရေးရာဝန်ကြီးဌာနက ဥပဒေအသိပညာသင်ရိုးညွှန်းတမ်းစာအုပ် ပြုစုခဲ့ပြီး အခြေခံပညာအထက်တန်းအဆင့် Grade 11 နှင့် Grade 12 သင်ရိုးညွှန်းတမ်းတွင် ဥပဒေဘာသာရပ်သင်ကြားပို့ချချိန်ကို တစ်လလျှင် ပျမ်းမျှ သုံးချိန်နှုန်းဖြင့် တစ်နှစ်လျှင် ၂၄ ချိန် ပြည့်မီအောင် ထည့်သွင်းကာ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်နှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တို့တွင် Grade 11 နှင့် Grade 12 ကျောင်းသား ကျောင်းသူများကို ဥပဒေအသိပညာ သင်ကြားပို့ချလျက်ရှိပါသည်။

ထိုသို့ Grade 11 နှင့် Grade 12 ကျောင်းသား ကျောင်းသူများကို ဥပဒေအခြေခံများ သင်ကြားပေးခြင်းဖြင့် ဥပဒေ၏ အကျိုးအပြစ်ကို သိရှိနားလည်စေပြီး တရားဥပဒေစိုးမိုးရေးအတွက် အခြေခံအုတ်မြစ်ကောင်းတစ်ရပ် ချမှတ်နိုင်သည်ကို တွေ့ရပါသည်။ ယခုအခါ Grade 11 နှင့် Grade 12 ကျောင်းသား ကျောင်းသူပေါင်း ရှစ်သိန်းခန့် ဥပဒေအသိပညာရရှိပြီ ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# AI Model Version 1 ကို အသုံးပြု၍ ဥပဒေမေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းများကို စမ်းသပ်ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး ပြောကြား



နေပြည်တော် စက်တင်ဘာ ၃၀

AI Model Version 1 ကို အသုံးပြု၍ ဥပဒေမေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းများကို စမ်းသပ်ဆောင်ရွက်နေပြီဖြစ်ကြောင်း AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ပြောကြားသည်။

ယနေ့နံနက် ၁၀ နာရီတွင် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရှေ့ဆက်ဆောင်ရွက်မည့် AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေး လုပ်ငန်းများဆိုင်ရာ အစည်းအဝေးတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက AI Model Version 1 တွင် ဥပဒေအမေးအဖြေပေါင်း ၁၃၀၀၀၀ ကျော်ကို ထည့်သွင်းလေ့ကျင့်နိုင်ခဲ့ပြီး ထပ်မံထည့်သွင်းလေ့ကျင့်ရန် ဥပဒေ Domain များ ရွေးချယ်ထားကြောင်း၊ AI Model Version 1 ကို မကြာမီကာလတွင် အများပြည်သူသို့ Launching ပြုလုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့အတူ အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဘုန်းကျော်က Myanmar Legal Assistant AI Model Version 1 တွင် ဥပဒေသတင်းအချက်အလက်များ ထည့်သွင်းဆောင်ရွက်မှု၊ တိုးတက်မှုနှင့် နည်းပညာပိုင်းဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် ဥပဒေအသိပညာပြန့်ပွားရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဗဟန်းမြို့နယ်စာရေးဆရာအသင်း ထပ်ဆင့်ဂုဏ်ပြုပွဲကျင်းပ



ရန်ကုန် စက်တင်ဘာ ၃၀

ဗဟန်းမြို့နယ် စာရေးဆရာအသင်းက ကြီးမှူးကျင်းပသည့် အသင်းဂုဏ်ထူးဆောင်နာယကကြီးများဖြစ်သော ပခုက္ကူဦးအုန်းဖေ တစ်သက်တာစာပေဆုရ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) နှင့် အနုပညာထူးချွန်ဆုရ (၂၈ နှစ်တိုင် အသင်းဥက္ကဋ္ဌတာဝန်ဆောင်ရွက်ခဲ့သူ) ဦးကိုကိုလေး (ရန်ကင်းကိုကိုလေး)တို့အား ထပ်ဆင့်ဂုဏ်ပြုပွဲ အခမ်းအနားကို စက်တင်ဘာ ၂၇ ရက် က လူထုအခြေပြုဗဟိုဌာန ( ဗဟန်း) ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဗဟန်းမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာထွန်းထွန်းဦးက အမှာစကားပြောကြားပြီး ဗဟန်းမြို့နယ်စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နီနီတင်(နီနီ-မြန်မာစာ)က ဂုဏ်ပြုခံဂုဏ်ထူးဆောင် နာယကကြီးနှစ်ဦး၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြားသည်။ဆက်လက်ပြီး စာရေးဆရာ ဒေါက်တာမြင့်နိုင်(ဆရာဥဂ္ဂါညို)နှင့် စာရေးဆရာ ဦးဘုန်းစံ ( ရွှေဘုန်း)တို့က ရတုများကို ဂုဏ်ပြုရွတ်ဖတ်ကြသည်။

ထို့နောက် ဂုဏ်ပြုခံနာယကကြီးနှစ်ဦးအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နေပြည်တော်အတွင်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၃၀

ပြည်ထောင်စု နယ်မြေ နေပြည်တော်အတွင်း ရေစီးရေလာ ကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီမှ ကော်မတီဝင်များနှင့် အတူ လှည့်လည် ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဥတ္တရသီရိမြို့နယ် ဇဝန သိဒ္ဓိရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်စေရေး လုပ်ငန်းများကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး နှင်းဆီလမ်း ရေမြောင်းများအား နောင်လာမည့် ဘဏ္ဍာနှစ်တွင် အုတ်စီရေမြောင်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်သွားရန်၊ နှင်းဆီလမ်းနှင့် စစ်ကိုင်းလမ်းဆုံ Box Culvert အဝတွင် မြေသားမြောင်းနံရံ ရေတိုက်စားမှုမရှိစေရေးအတွက် ရေဝဲပုံစံ(မြေကာ)နံရံအား လျာထားတွက်ချက်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပုဗ္ဗသီရိမြို့နယ် မြောက်ချောင်းအား စက်ယန္တရားများအသုံးပြု၍ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး ရထားသံလမ်းအောက်ရှိ ရေမျောအမှိုက်များကို ဆယ်ယူရန် မှာကြားသည်။

ဆက်လက်၍ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ဇေယျာသီရိမြို့နယ် ပင်လောင်းလမ်းဘေးရှိ နရံဘန်ချောင်း ရေစီးရေလာကောင်းမွန်စေရေး သဲနုန်းဖော်နေမှုနှင့် ပုဗ္ဗသီရိမြို့နယ် နေရောင်ပြအင်းဘုရား အနီးရှိသင်းဝါးချောင်း ရေစီးရေလာ ကောင်းမွန်စေရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်ကို (ပုဗ္ဗသီရိ)**

# မင်းလှမြို့နယ်၌ ရေကြီးရေလျှံမှုများမဖြစ်ပေါ်စေရေး ရေနုတ်မြောင်းများတူးဖော်

မင်းလှ စက်တင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်ရပ်ကွက်များတွင် ရေကြီးရေလျှံမှုများမဖြစ်ပေါ်စေရေးအတွက် ရေနုတ်မြောင်းများတူးဖော်ဆောင်ရွက်ခြင်းကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါ ရေနုတ်မြောင်းများ စက်ယန္တရားဖြင့်တူးဖော်ဆောင်ရွက်နေခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ထူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှဋ္ဌေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒေါ်သီတာဝင်းနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**





# မြဝတီမြို့၌ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

မြဝတီ စက်တင်ဘာ ၃၀

ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၌ အွန်လိုင်းငွေကြေးလိမ်လည်မှုများနှင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ဥပဒေ၊ ပြစ်ဒဏ်ဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥပဒေအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးကိုက လူမှုပတ်ဝန်းကျင်၌မြင်တွေ့နေရသည့် အွန်လိုင်းလိမ်လည်မှုဖြစ်စဉ်များ၊ အွန်လိုင်းငွေကြေးလိမ်လည်မှု ဖြစ်ပွားရခြင်း၏ အကြောင်းရင်းများ၊ နောက်ဆက်တွဲပြဿနာများနှင့် အွန်လိုင်းလိမ်လည်မှုအမျိုးအစားများ၊ ရှောင်ရှားရမည့်နည်းလမ်းများ၊ အွန်လိုင်းလိမ်လည်မှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ လှုံ့ဆော်၊ သွေးဆောင်၊ ဖြားယောင်းခြင်းကြောင့် အရေးယူအပြစ်ပေးလျက်ရှိသည့် ပြစ်မှုပြစ်ဒဏ်များ၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ ချမှတ်ထားသည့် ပြစ်မှုပြစ်ဒဏ်များ၊ ဥပဒေ၊ ပုဒ်မများ၊ အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှုဖြစ်စဉ်များ၊ လူကုန်ကူးမှုဖြစ်စဉ်များနှင့် ဆောင်ရန်/ ရှောင်ရန်နည်းလမ်းများကို ဟောပြောခဲ့သည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ခရိုင်ဥပဒေအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားပြီး ဟောပြောပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ (ပြန်/ဆက်)**

# တနင်္သာရီမြစ်ရေ မြင့်တက်လာမှုကြောင့် မြေနိမ့်ပိုင်းနေရာများရေဝင်ရောက်မှုနှင့် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ရေကျော်မှုဖြစ်ပွား

**တနင်္သာရီ စက်တင်ဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်း၍ တနင်္သာရီမြစ်ရေသည် ယနေ့နံနက် ၉ နာရီ တိုင်းတာချက်အရ မြစ်ရေအမှတ်မှာ ၂၈ ပေ ၄ လက်မသို့ ရောက်ရှိနေပြီး စိုးရိမ်ရေအမှတ် ၁၇ ပေအထက် ၁၁ ပေ ၄ လက်မနှင့် အန္တရာယ်ရေအမှတ် ၂၄ ပေအထက် လေးပေ လေးလက်မကျော်လွန်နေကြောင်း သိရသည်။

**ကူညီကယ်ဆယ်ရေး ဆောင်ရွက်**



တနင်္သာရီမြစ်ရေ မြင့်တက်လာမှုကြောင့် မြေနိမ့်ပိုင်းနေရာများဖြစ်သည့် မြို့ပေါ်ရပ်ကွက်များအတွင်းသို့ ရေဝင်ရောက်လျက်ရှိသည့် နေရာများတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမိုးမင်းဝင်း ဦးဆောင်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖိုလစ်ဝင်းကြီးကြပ်မှုဖြင့် တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် ယာယီကယ်ဆယ်ရေးစခန်း ရှစ်ခုဖွင့်လှစ်ထားရှိကာ အိမ်ထောင်စု ၂၇၄စု လူဦးရေ အမျိုးသား ၆၅၇ဦး၊ အမျိုးသမီး ၆၇၅ ဦး စုစုပေါင်း ၁၃၃၂ ဦး ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တနင်္သာရီမြစ်ရေမြင့်တက်လာမှုကြောင့် ဘုရားကြီး-မော်လမြိုင်-ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မြိတ်-တနင်္သာရီ-ထုံခါလမ်းပိုင်း ဆင်ခြေဖုံးကျေးရွာအုပ်စု လယ်တောင်ယာကျေးရွာအနီး ဆင်ခြေဖုံးကျေးရွာအုပ်စု အော်ကြီးကျေးရွာအနီးနှင့် အရှေ့မော်တုန်းကျေးရွာအုပ်စု ကော့မပြင်းကျေးရွာအနီးတို့တွင် ကားလမ်းရေကျော်လျက်ရှိပြီး ယာဉ်ကြီး/ယာဉ်ငယ်များ ဖြတ်သန်းသွားလာ၍မရကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ရေဝင်ရောက်လျက်ရှိသည့် အခြေခံပညာကျောင်း ၁၀ ကျောင်းကို ယာယီပိတ်ထားကြောင်း သိရသည်။

တာဝန်ရှိသူများအနေဖြင့် မိုးရွာသွန်းမှုနှင့် မြစ်ရေမြင့်တက်မှုအခြေအနေများကို ဆက်လက်စောင့်ကြည့်လျက်ရှိပြီး ရေဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး ရေဘေးသင့် ကျွန်းတဲကျေးရွာနှင့် ဂျမ်းကုန်းကျေးရွာ ပြန်လည်ထူထောင်ရေးအတွက် လိုက်လံကြည့်ရှု

**လေးမျက်နှာ စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးသည် ငဝန်ပန်းတာမြစ်ကျိုးအင်းထူးပေါက်၍ မြစ်ရေစီးဝင်သည့်နေရာကို သက်ဆိုင်ရာဝန်ကြီးဌာနများက ပြန်လည်ပိတ်ဆို့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ရာ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုပြီး သဲဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် လေးမျက်နှာမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပြီး ရေဘေးသင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများအတွက် ရာသီအလိုက်သီးနှံများ ပြန်လည်စိုက်ပျိုးရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးလိုင်းများ ပြန်လည်စစ်ဆေး၍ အမြန်သွယ်တန်းနိုင်ရေးတို့အပါအဝင် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆိုင်ရာများကို ညှိနှိုင်းပေါင်းစပ် ဆွေးနွေးသည်။

ယင်းနောက် သခွတ်ချောင်းကျေးရွာအုပ်စု ကျွန်းတဲကျေးရွာသို့ သွားရောက်ကာ ရေဘေးသင့်ကျေးရွာသူ ကျေးရွာသားတို့နှင့် တွေ့ဆုံပြီး ပြန်လည်တည်ဆောက်ပေးမည့် ကျွန်းတဲဗောတံတားနှင့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လှူဒါန်းသောတစ်ကိုယ်ရေကျန်းမာရေးသုံးပစ္စည်းအစုံ ၅၀၊ အခြေခံပညာမူလတန်းကျောင်းအတွက် ရေသန့်ကိရိယာ သုံးလုံး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကျေးရွာအတွင်း ရေဘေးသင့် အိမ်ခြေ ၈၅ အိမ်အနက် ပြိုကျပျက်စီးသွားသည့် အိမ်လေးအိမ်အပါအဝင် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့်နေအိမ်များကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဂျမ်းကုန်းကျေးရွာသို့သွားရောက်ကာ ရေဘေးသင့်အိမ်ခြေ ၆၀ အနက် ရေစီးနှင့်မျောပါပျက်စီးသွားသော အိမ်လေးအိမ်၊ သဲနုန်းများဖုံးလွှမ်းပျက်စီးသွားသော အိမ်ခြောက်အိမ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စာရင်းဇယားများ မှန်ကန်စွာကောက်ယူရေး၊ အမြန်ပြန်လည်ထူထောင်ပေးနိုင်ရေး၊ လိုအပ်သည်များ ညှိနှိုင်းမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့၊ ရွာ၊ ရပ်ကွက်များ၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များ ဖယ်ရှားရှင်းလင်း

**နေပြည်တော် စက်တင်ဘာ ၃၀**

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်/ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့တို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ငဝန်မြစ်ရေသည် ယနေ့တွင် လေးမျက်နှာမြို့နယ်အတွင်း ခုနစ်ပေ ခုနစ်လက်မခန့်၊ ရေကြည်မြို့နယ်အတွင်း ရှစ်ပေတစ်လက်မခန့်၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ကိုးပေ သုံးလက်မခန့်၊ ကျုံပျော်မြို့နယ်အတွင်း ခြောက်ပေ ခုနစ်လက်မခန့်နှင့် ကျောင်းကုန်းမြို့နယ်အတွင်း ခြောက်ပေ လေးလက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီး ကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတ အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေး စခန်းများရှိ ရေဘေးသင့် ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်





❒ **ထားဝယ်မြို့မှ**

ထိုသို့ဆောင်ရွက်နေမှုကို ထားဝယ်မြို့ပေါ် မြေနိမ့်ပိုင်းရပ်ကွက်အချို့အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မိုးကုတ်ဝိပဿနာကျောင်းတွင် ဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ်ရေးစခန်း၌ ခေတ္တခိုလှုံနေကြသော ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ နေထိုင်စားသောက်မှုအဆင်ပြေစေရေးအတွက် အခြေခံစားသောက်ကုန်များ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ကျန်းမာရေးဆေးစစ်ကုသ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အားပေးစကားပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ရေဘေးကယ်ဆယ်ရေး စခန်းများရှိ ရေဘေးသင့်အိမ်ထောင်စုများအား တိုင်းဒေသကြီး အစိုးရအဖွဲ့၏စီမံမှုဖြင့် တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လူမှုကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးပစ္စည်းနှင့် အစားအသောက်များကို ရေဘေးသင့်ပြည်သူများထံ ဖြန့်ဖြူးပေးအပ်ကြသည်။

ရေကျသွားပြီးနောက် ဖြစ်ပွားတတ်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အရေပြားရောဂါနှင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများမဖြစ်ပွားစေရန် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ကျန်းမာရေးအဖွဲ့များက ကွင်းဆင်းဆေးကုသပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်ကျော်လတ်

# ကုန်းတွင်းမုန်တိုင်းငယ်ဝင်ရောက်ခဲ့သည့် လမ်းကြောင်းနှင့် မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့သည့် နေရာဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ဆောင်ရွက်


တနင်္သာရီမြို့ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။


ပလောက်မြို့၌ စက်ယန္တရားများဖြင့် လမ်းများပြုပြင်နေစဉ်။


ထားဝယ်မြို့၌ ရေများပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် လမ်းကြောင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။


လောင်းလုံးမြို့၌ ရေဘေးသင့်ဒေသခံတိုင်းရင်းသားပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၃၀**

တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ စီမံချက်များ ရေးဆွဲကာ ကူညီကယ်ဆယ်ရေးအဖွဲ့များ အသင့်စုဖွဲ့ထားရှိ၍ သဘာဝဘေး ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ မုတ္တမကွေ့မွန်-တနင်္သာရီကမ်းရိုးတန်းဒေသတို့တွင် စက်တင်ဘာ ၂၇ ရက်၌ စတင်ဖြစ်ပေါ်ခဲ့သည့် အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။

အဆိုပါ မုန်တိုင်းငယ်သည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ စက်တင်ဘာ ၂၈ ရက်တွင် တိုင်းထွာချက်အရ မြန်မာနိုင်ငံ မွန်ပြည်နယ် ကျိုက်ထိုမြို့၏ တောင်ဘက်မှ စတင်ဖြတ်သန်းဝင်ရောက်ခဲ့ရာ ဖြူးမြို့၊ ရေတာရှည်မြို့၊ ရေနံချောင်းမြို့နှင့် ကျောက်ပန်းတောင်းမြို့အကြား၊ ညောင်ဦးမြို့ အနောက်ဘက်တို့မှ ဖြတ်ကျော်ဝင်ရောက်ခဲ့သည်။ ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ မြန်မာနိုင်ငံ မတူပီမြို့အနီးမှ ဖြတ်ကျော်ကာ ချင်းပြည်နယ်နှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံအရှေ့တောင်ပိုင်း၊ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တို့ကို ဆက်လက်ဖြတ်ကျော်ကာ အားကောင်းသော လေဖိအား နည်းရပ်ဝန်းသည် မြောက် - အနောက်မြောက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံအရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တို့တွင် လေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့သွားခဲ့သည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်သို့ ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းကြောင်းနှင့် မြန်မာနိုင်ငံမှ ဖြတ်ကျော်ခဲ့ပြီးဖြစ်သည့်အတွက် အစိမ်းရောင်အဆင့်ဟု သတ်မှတ်ပါကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပြန်ထားရှိသည်။


ပဲခူးမြို့ရှိ ကျုံးအဟောင်းအတွင်း ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်ဖြတ်သန်း ဝင်ရောက်ခဲ့သည့် လမ်းကြောင်း တစ်လျှောက်ရှိ ဒေသများနှင့် မုန်တိုင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် မြို့ရွာများဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ လောင်းလုံးမြို့၊ သရက်ချောင်းမြို့၊ ပလောက်မြို့၊ တနင်္သာရီမြို့၊ ဘုတ်ပြင်းမြို့၊ ခမောက်ကြီးမြို့၊ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အိုမတွေ့ကျေးရွာ၊ အမရပူရမြို့နယ်၊ ဥယျာဉ်တော်ကျေးရွာအုပ်စုတို့တွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်ခဲ့ပြီး မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ နေအိမ်များအတွင်း ရေဝင်ရောက်မှုများ၊ ရေတိုက်စားမှုကြောင့် မြေပြိုခြင်းများ၊ လမ်းပျက်စီးမှုများ ဖြစ်ပေါ်ခြင်း၊ လေပြင်းတိုက်ခတ်မှုကြောင့်သစ်ပင်သစ်ကိုင်းများ ပြိုလဲခြင်း၊ လူနေအိမ်များ ထိခိုက်ပျက်စီးခြင်း အစရှိသည့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ရေကြီးရေလျှံမှုများကြောင့် ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့်ဒေသများရှိ ရေဘေးသင့်ပြည်သူများအား သက်ဆိုင်ရာဒေသများရှိ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများပူးပေါင်း၍ ယာယီရေဘေးကယ်ဆယ်ရေး စခန်းများ၊ နီးစပ်ရာဆွေမျိုးများ၏ နေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊အရေးပေါ်ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ရေကျော်ဝင်ရောက်မှုဖြစ်ပေါ်လျက်ရှိသော ကားလမ်းမကြီးများတွင် မော်တော်ယာဉ်များသွားလာနိုင်ရေးအတွက် လမ်းကြောင်းပြ အမှတ်အသားများဆောင်ရွက်ပေးခြင်း၊ မြေပြိုမှုဖြစ်ပေါ်သည့် နေရာများတွင် လူအင်အား၊ စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းခြင်း၊ အများပြည်သူများ ပုံမှန်အတိုင်းသွားလာအသုံးပြုနိုင်ရေးအတွက် သစ်ပင်သစ်ကိုင်းများ ရှင်းလင်းပေးခြင်း၊ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ရေပြန်လည်ကျဆင်းချိန်၌ တင်ကျန်ရစ်သော သစ်ပင်သစ်ကိုင်းများ၊ အမှိုက်များ၊ နုန်းမြေများ ဖယ်ရှားရှင်းလင်းပေးခြင်း အစရှိသည့် ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကို အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့သည့် မြို့ရွာများဖြစ်သည့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ လှိုင်းဘွဲ့မြို့၊ ဘီးလင်းမြို့၊ မုဒုံမြို့၊ သံဖြူဇရပ်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့၊ လှည်းကူးမြို့၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ရေတာရှည်မြို့၊ ပဲခူးမြို့တို့ရှိ ရပ်ကွက်၊ ကျေးရွာများအတွင်း ရေကျော်ဝင်ရောက်ခြင်း၊ ရေဝပ်ဧရိယာများဖြစ်ပေါ်ခြင်းတို့ မရှိစေရန်အတွက် ရေနုတ်မြောင်းများအတွင်း အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းခြင်း၊ နုန်းမြေများ ဆယ်ယူခြင်း၊ ရေစီးရေလာကောင်းစေရေး ဆောင်ရွက်ခြင်းတို့ကို နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့များ ပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရေးအတွက် ကြိုတင်ကာကွယ်ခြင်းနှင့် စုဖွဲ့ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုအား ဖြတ်ကျော်နိုင်ခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် သဘာဝဘေးကျရောက်ချိန်တွင်လည်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိပြီး ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။


လှည်းကူးမြို့နယ် ဆီဆုံကုန်းကျေးရွာ လမ်းဘေးဝဲယာတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်စဉ်။


မော်လမြိုင်မြို့ ရေစီးရေလာကောင်းမွန်မှုရှိစေရန် ဆောင်ရွက်နေမှုကို တွေ့ရစဉ်။


လှိုင်းဘွဲ့ချောင်းကမ်းပါး၌ ရေထိန်းတမံငယ်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။


ဝမ်းတွင်းမြို့နယ် အိုမတွေ့ကျေးရွာအတွင်း လမ်းပိတ်ဆို့နေသည့် သစ်ပင်များအား ဖယ်ရှားရှင်းလင်းမှုကို တွေ့ရစဉ်။

# တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းအတွက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (၁၁)ဖွဲ့အား ရန်ပုံငွေပေးအပ်




တောင်ကြီး စက်တင်ဘာ ၃၀

တိုင်းရင်းသားလူမျိုးစုများ၏ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့ ထုံးတမ်းများ ပိုမိုထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့(၁၁)ဖွဲ့သို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၄၅၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (၁၁)ဖွဲ့သို့ ရန်ပုံငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရန်ပုံငွေပေးအပ်ပွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၌ရှိသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်း/အဖွဲ့ (၁၁)ဖွဲ့ကို တိုင်းရင်းသားများ၏ စာပေထွန်းကားရေး၊ ရိုးရာတူရိယာများ၊ အသုံးအဆောင်များ ဝယ်ယူစုဆောင်းနိုင်ရေး၊ ရိုးရာအထည်ချုပ်သင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ တိုင်းရင်းသားရေးရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၄၅၀ ကို ပေးအပ်ခြင်း ဖြစ်ပါကြောင်း၊ ရန်ပုံငွေများကို မိမိတို့ တိုင်းရင်းသားများအတွက် အမှန်တကယ် အကျိုးသက်ရောက်မှုရှိမည့် တိုင်းရင်းသားရေးရာနှင့် သက်ဆိုင်သည့်ကိစ္စရပ်များတွင် အကျိုးရှိရှိ အသုံးပြုကြရန် မှာကြားလိုကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်က ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ အနေဖြင့် စကား၊စာပေ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများ မတူညီသော်လည်း အချင်းချင်း စည်းလုံးညီညွတ်မှု၊ အပြန်အလှန်ယုံကြည်မှု၊ ချစ်ခင်လေးစားမှုနှင့် ရိုင်းပင်းကူညီမှုရှိရန် လိုအပ်ပါကြောင်း၊ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ (၁၁)ဖွဲ့သို့ ရန်ပုံငွေများ ပေးအပ်သွားမည်ဖြစ်ပြီး ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် အရှေ့ပိုင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များသို့လည်း ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ရှမ်း၊ ပအိုဝ်း၊ ဓနု၊ တောင်ရိုး၊ အင်းသား၊ ကချင်၊ ကိုးကန့်၊ထနော့၊ လီဆူ၊ ယင်းကြားနှင့် ယင်းနက် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်း/အဖွဲ့ (၁၁)ဖွဲ့ထံသို့ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ရန်ပုံငွေများ ပေးအပ်ခဲ့ပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များ ကိုယ်စား တိုင်းရင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဇီးကုန်းမြို့နယ်၌ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

ဇီးကုန်း စက်တင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သင်ကြားပို့ချသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းလွင်က အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇော်မင်းဦးက ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဇီးကုန်းမြို့နယ်အတွင်းရှိ အိမ်မွေးတိရစ္ဆာန်များနှင့် စီးပွားရေးအရ အရေးပါသောတိရစ္ဆာန်များ၏ အကောင်ရေစာရင်းအတိအကျရရှိစေရန်၊ ကောက်ယူရရှိသောတိရစ္ဆာန်ကောင်ရေစာရင်းကိုအခြေပြု၍ တိရစ္ဆာန်မွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုစေရန်၊ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ပြီး ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာစာရေးဝန်ထမ်းများ စုစုပေါင်း ၂၁၀ တက်ရောက်၍ ဒီဇင်ဘာ ၁ ရက်မှစတင်ကာ ရပ်ကွက်(၅)ခုနှင့် ကျေးရွာ ၁၂၂ ရွာကို ကွင်းဆင်းကောက်ယူမည်ဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



# မော်လမြိုင်မြို့ မုပွန်ရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်စေရေး နုန်းများ၊ အမှိုက်များ ရှင်းလင်း



မော်လမြိုင် စက်တင်ဘာ ၃၀

မွန်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုမရှိစေရေးနှင့် ရေထုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေး ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ မုပွန်ရပ်ကွက်အတွင်း ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ယာဉ်ယန္တရားများဖြင့် ရွှံ့ဗွက်နှင့် အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်နေမှုကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူများနှင့်အတူ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ရေစီးရေလာကောင်းမွန်စေရေးအတွက်အမှိုက်များ စနစ်တကျစွန့်ပစ်စေရေး၊ ရေနုတ်ချောင်းများ၊မြောင်းများ စနစ်တကျ ထိန်းသိမ်းရေးတို့ကို တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ စည်သူ(ပြန်/ဆက်)

# ကန်ကြီးထောင့်မြို့နယ်၌ သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသောစိုက်ပျိုးရေးစနစ် ဆောင်ရွက်မည့်တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

ကန်ကြီးထောင့် စက်တင်ဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ စပါးစိုက်ပျိုးသော ဒေသခံတောင်သူများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက ဝါးဒူးကျေးရွာအုပ်စု အနောက်စုကြီးကျေးရွာရှိ ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မြင့်ဝင်းကြည်က ဒေသခံတောင်သူများ စုပေါင်း၍ ထုတ်လုပ်မှုကဏ္ဍ တိုးတက်ရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် တောင်သူများက မိမိတို့ဒေသအတွင်း စနစ်ကျသော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတို့ဖြင့် ဆောင်ရွက်လျက်ရှိသည့် မိုးစပါးစီမံကိန်းနှင့် မွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျော်ဇင်စိုး(ပြန်/ဆက်)



# ဖြူးမြို့နယ်၌ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်



ဖြူး စက်တင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ရေကြီးရေလျှံမှုကိုကာကွယ်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်မှုအောက်ရှိ ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် သဘာဝဘေးဖြစ်သော ရေကြီးရေလျှံမှုကို ကာကွယ်ရန်အတွက် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာ မြို့တွင်းရှိ အဓိကပင်မ ရေနုတ်မြောင်းများ၊ ရေနုတ်မြောင်းသွယ်များအား ရေစီးရေလာကောင်းမွန်စေရေး ဌာနပိုင်စက်ယန္တရားများဖြင့်ဆောင်ရွက်လျက်ရှိရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်စိုးဝင်းက လုပ်ငန်းများစနစ်တကျဖြစ်ရေးစီမံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

# ဆယ်ကျော်သက်နှင့် မူးယစ်ဆေးအန္တရာယ်

❀ **ဒေါက်တာဇင်ဇေယျာဝင်း**

**လူငယ်တို့၏အိပ်မက်**

လူငယ်တစ်ဦး၏ဘဝသည် အိပ်မက်များ၊ မျှော်လင့်ချက်များဖြင့် စတင်သည်။ တစ်ဦးက ဆရာဝန်ဖြစ်ချင်သလို တစ်ဦးက သိပ္ပံပညာရှင်၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ ကျောင်းဆရာ၊ အားကစားသမား သို့မဟုတ် အနုပညာရှင် ဖြစ်ချင်ကြသည်။

ထိုအိပ်မက်များသည် လူငယ်တစ်ဦး၏ ကိုယ်ပိုင်အနာဂတ်သာမက မိသားစုနှင့် လူ့အဖွဲ့အစည်း၏ အနာဂတ်ကိုပါ ပုံဖော်ပေးနိုင်သည်။ သို့သော် လူငယ်တို့၏အနာဂတ်ကို လမ်းလွဲစေနိုင်သည့် အန္တရာယ်များလည်း ရှိနေသည်။ ထိုအန္တရာယ်များအနက် မူးယစ်ဆေးဝါးသုံးစွဲမှုသည် အလေးအနက်ထားကာကွယ်ရမည့် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်သည်။ မူးယစ်ဆေးဝါးသုံးစွဲမှုသည် ကျန်းမာရေးကိုသာမက ပညာရေး၊ မိသားစုဆက်ဆံရေးနှင့် လူမှုဘဝကိုပါ ထိခိုက်စေနိုင်သည်။ ထို့ကြောင့် လူငယ်တို့၏အိပ်မက်များ မပျောက်ကွယ်စေရန် မူးယစ်ဆေးအန္တရာယ်ကို နားလည်ပြီး ကြိုတင်ကာကွယ်ရန် အရေးကြီးသည်။

**ကမ္ဘာလုံးဆိုင်ရာ မူးယစ်ဆေးဝါးပြဿနာ**

UNODC (United Nations Office on Drugs and Crime) ၏ ၂၀၂၅ ခုနှစ် World Drug Report အရ မူးယစ်ဆေးဝါးပြဿနာသည် လူတစ်ဦးချင်း၏ ကျန်းမာရေးသာမက မိသားစု၊ လူမှုအသိုင်းအဝိုင်း၊ စီးပွားရေး၊ ပတ်ဝန်းကျင်၊ အုပ်ချုပ်ရေးနှင့် လုံခြုံရေးတို့အပေါ်ပါ သက်ရောက်သည့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုတစ်ရပ် ဖြစ်လာသည်။ ၂၀၂၃ ခုနှစ်တွင် အသက် ၁၅ နှစ်မှ ၆၄ နှစ်အတွင်း လူဦးရေ ခန့်မှန်းခြေ ၃၁၆ သန်းသည် Cannabis၊ Opioids၊ Amphetamines၊ Cocaine နှင့် Ecstasy စသည့် မူးယစ်ဆေးဝါးတစ်မျိုးမျိုးကို အသုံးပြုခဲ့ကြသည်။ ယင်းပမာဏသည် ဆယ်နှစ်အတွင်း ခန့်မှန်းခြေ ၂၈ ရာခိုင်နှုန်း တိုးလာခဲ့သည်။

**မူးယစ်ဆေးဝါးပြဿနာသည် တစ်ဦးချင်းစီ၏ ကျန်းမာရေးအပြင် မိသားစုနှင့် လူမှုအသိုင်းအဝိုင်းများအပေါ်ပါ ဝန်ထုပ်ဝန်ပိုးဖြစ်စေနိုင်သည်။ ထို့ကြောင့် မူးယစ်ဆေးပြဿနာကို တစ်ဦးချင်းအပြစ်အဖြစ်သာမမြင်ဘဲ ပြည်သူ့ကျန်းမာရေးနှင့် လူမှုရေးပြဿနာအဖြစ်လည်း အလေးထားဖြေရှင်းရန် လိုအပ်သည်။ အထူးသဖြင့် လူငယ်များကို အန္တရာယ်မဖြစ်မီကာကွယ်ပေးခြင်းသည် ရေရှည်အတွက် အရေးကြီးသော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်သည်။**

**ဆယ်ကျော်သက်အရွယ် - အရေးကြီးသော ဖွံ့ဖြိုးမှုကာလ**

ဆယ်ကျော်သက်အရွယ်သည် ကလေးဘဝမှ လူကြီးဘဝသို့ ကူးပြောင်းသည့် အရေးကြီးသော ဖွံ့ဖြိုးမှုကာလဖြစ်သည်။ ဤကာလတွင် ခန္ဓာကိုယ်သာမက ဦးနှောက်နှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုများလည်း ဆက်လက်ဖြစ်ပေါ်နေသည်။ လူငယ်များသည် မိမိတို့ကိုယ်ပိုင်ဆုံးဖြတ်ချက်များ ချလိုစိတ်နှင့် အသစ်အဆန်းများကို စမ်းသပ်လိုစိတ် ပိုမိုရှိလာနိုင်သည်။ တစ်ချိန်တည်းတွင် သူငယ်ချင်းများ၏ လွှမ်းမိုးမှုကိုလည်း ပိုမိုခံရနိုင်သည်။

**“တစ်ခါတည်း စမ်းကြည့်တာပါ” သို့မဟုတ်** “သူငယ်ချင်းတွေအားလုံး လုပ်နေကြတာပဲ”ဟူသော အတွေးများသည် အန္တရာယ်ရှိသော ဆုံးဖြတ်ချက်များ ဖြစ်ပေါ်စေနိုင်သည်။ မူးယစ်ဆေးဝါးအချို့သည် ဦးနှောက်လုပ်ဆောင်မှုကို ပြောင်းလဲစေပြီး မှတ်ဉာဏ်၊ အာရုံစူးစိုက်မှု၊ သင်ယူနိုင်စွမ်းနှင့် ဆုံးဖြတ်ချက်ချနိုင်စွမ်းတို့ကို ထိခိုက်စေနိုင်သည်။ ထို့ကြောင့် ဆယ်ကျော်သက်အရွယ်တွင် မူးယစ်ဆေးကို ငြင်းပယ်နိုင်စွမ်း၊ မှန်ကန်စွာ ဆုံးဖြတ်နိုင်စွမ်းနှင့် ကျန်းမာသောအလေ့အထများကို စနစ်တကျ တည်ဆောက်ပေးရန် လိုအပ်သည်။

**မူးယစ်ဆေးဝါးသုံးစွဲမှု၏ အန္တရာယ်များ**

မူးယစ်ဆေးဝါးသုံးစွဲမှုသည် ခန္ဓာကိုယ်ကျန်းမာရေးတစ်ခုတည်းကိုသာ ထိခိုက်စေသည် မဟုတ်ပါ။ မူးယစ်ဆေးအချို့သည် မှတ်ဉာဏ်၊ အာရုံစူးစိုက်မှုနှင့် ဆုံးဖြတ်ချက်ချနိုင်စွမ်းတို့ကို ထိခိုက်စေပြီး ပညာသင်ယူမှုကို အနှောင့်အယှက်ဖြစ်စေနိုင်သည်။ ထပ်ကာတလဲလဲ သုံးစွဲခြင်းသည် စွဲလမ်းမှုနှင့် မူးယစ်ဆေးသုံးစွဲမှုဆိုင်ရာ ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်စေနိုင်သည်။ အချို့သော မူးယစ်ဆေးများသည် နှလုံးနှင့် သွေးကြောစနစ်ကို ထိခိုက်စေနိုင်ပြီး Opioids များကို အလွန်အကျွံသုံးစွဲပါက အသက်ရှူလမ်းကြောင်းကို ထိခိုက်၍ အသက်အန္တရာယ်ဖြစ်စေနိုင်သည်။

မူးယစ်ဆေးသုံးစွဲမှုသည် စိတ်ကျန်းမာရေးပြဿနာများနှင့်လည်း ဆက်စပ်နိုင်ပြီး မတော်တဆထိခိုက်မှုများနှင့် အန္တရာယ်ရှိသော အပြုအမူများကို ဖြစ်ပေါ်စေနိုင်သည်။ ထို့အပြင် ကျောင်းတက်ရောက်မှုနှင့် ပညာရေးစွမ်းဆောင်ရည်ကျဆင်းခြင်း၊ မိသားစုဆက်ဆံရေးပျက်စီးခြင်းနှင့် လူမှုရေးပြဿနာများ ဖြစ်ပေါ်ခြင်းတို့ကိုလည်း ဖြစ်စေနိုင်သည်။ ထို့ကြောင့် မူးယစ်ဆေးကို ရှောင်ရှားခြင်းသည် ယနေ့ကျန်းမာရေးကို ကာကွယ်ခြင်းသာမက မိမိ၏ ပညာရေး၊ မိသားစုဘဝနှင့် အနာဂတ်အခွင့်အလမ်းများကိုပါ ကာကွယ်ခြင်းဖြစ်သည်။

**❛ အားလပ်ချိန်ကို ရည်ရွယ်ချက်မရှိဘဲ ကုန်ဆုံးစေမည့်အစား အားကစား၊ စာဖတ်ခြင်း၊ ဂီတ၊ ပန်းချီ၊ သိပ္ပံနှင့် နည်းပညာလှုပ်ရှားမှုများတွင် ပါဝင်သင့်သည်။ ထိုလုပ်ငန်းများသည် လူငယ်များ၏စွမ်းရည်များကို ဖော်ထုတ်ပေးသည့်အပြင် စည်းကမ်းရှိမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် မိမိကိုယ်ကို ထိန်းချုပ်နိုင်မှုတို့ကိုလည်း တိုးတက်စေနိုင်သည်။ ထို့ကြောင့် အားလပ်ချိန်ကို “အချိန်ဖြုန်းချိန်”အဖြစ် မမြင်ဘဲ မိမိအနာဂတ်အတွက် အသုံးချနိုင်သည့် “ဖွံ့ဖြိုးချိန်”အဖြစ် မြင်သင့် ❜**

**သူငယ်ချင်းကောင်းနှင့် အားလပ်ချိန်ကို အကျိုးရှိစွာအသုံးချခြင်း**

ဆယ်ကျော်သက်များ၏ဘဝတွင် သူငယ်ချင်းများသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ကြသည်။ သူငယ်ချင်းကောင်းများသည် စာကြိုးစားရန်၊ အားကစားလုပ်ရန်နှင့် မိမိရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် အားပေးနိုင်သည်။ အပြန်အလှန်အားဖြင့် အန္တရာယ်ရှိသောအပြုအမူများကို အားပေးသည့် အဖော်အပေါင်းများသည် လူငယ်တစ်ဦး၏ဆုံးဖြတ်ချက်များကို လွှမ်းမိုးနိုင်သည်။ ထိုအခြေအနေများတွင် “မလုပ်ဘူး”ဟု ပြတ်ပြတ်သားသား ပြောနိုင်ခြင်းသည် မိမိ၏ ကျန်းမာရေးနှင့်အနာဂတ်ကိုတန်ဖိုးထားခြင်းဖြစ်သည်။

အားလပ်ချိန်ကို ရည်ရွယ်ချက်မရှိဘဲ ကုန်ဆုံးစေမည့်အစား အားကစား၊ စာဖတ်ခြင်း၊ ဂီတ၊ ပန်းချီ၊ သိပ္ပံနှင့် နည်းပညာလှုပ်ရှားမှုများတွင် ပါဝင်သင့်သည်။ ထိုလုပ်ငန်းများသည် လူငယ်များ၏ စွမ်းရည်များကို ဖော်ထုတ်ပေးသည့်အပြင် စည်းကမ်းရှိမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် မိမိကိုယ်ကို ထိန်းချုပ်နိုင်မှုတို့ကိုလည်း တိုးတက်စေနိုင်သည်။ ထို့ကြောင့် အားလပ်ချိန်ကို “အချိန်ဖြုန်းချိန်”အဖြစ် မမြင်ဘဲ မိမိအနာဂတ်အတွက် အသုံးချနိုင်သည့် “ဖွံ့ဖြိုးချိန်” အဖြစ် မြင်သင့်သည်။

**အွန်လိုင်းအသုံးပြုမှုနှင့် မိသားစု၏အခန်းကဏ္ဍ**

ယနေ့ခေတ်တွင် အင်တာနက်နှင့် ဒီဂျစ်တယ်နည်းပညာများသည် ပညာရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအတွက် အရေးပါသောကိရိယာများဖြစ်လာသည်။ သို့သော် အွန်လိုင်းဂိမ်းနှင့် လူမှုကွန်ရက်များကို အလွန်အကျွံအသုံးပြုခြင်းသည် စာလေ့လာချိန်၊ အိပ်ချိန်၊ ကိုယ်လက်လှုပ်ရှားချိန်နှင့် မိသားစုနှင့် ဖြတ်သန်းရမည့်အချိန်တို့ကို ထိခိုက်စေနိုင်သည်။ ထို့ကြောင့် အွန်လိုင်းအသုံးပြုမှုကို လုံးဝတားမြစ်ခြင်းထက် အသုံးပြုချိန်နှင့် ရည်ရွယ်ချက်ကို စနစ်တကျ စီမံပေးသင့်သည်။

မိဘများသည် သားသမီးများ၏ အခက်အခဲများကို နားထောင်ပေးပြီး အပြစ်ပေးရန်ထက် နားလည်မှုနှင့် ယုံကြည်မှုအပေါ် အခြေခံသော ဆက်ဆံရေးကို တည်ဆောက်ပေးရန် လိုအပ်သည်။ သားသမီးများသည် ပြဿနာတစ်ခုကြုံလာသည့်အခါ မိဘများထံ လွတ်လပ်စွာ ပြောပြနိုင်သည်ဟု ခံစားရရန် အရေးကြီးသည်။ ထို့အပြင် မိဘများသည် အားကစား၊ စာဖတ်ခြင်း၊ အနုပညာနှင့် လူမှုရေးလှုပ်ရှားမှုများကဲ့သို့ အကျိုးရှိသော အစားထိုးလုပ်ငန်းများကို အားပေးသင့်သည်။

**မိသားစု၊ ကျောင်းနှင့် လူမှုအသိုင်းအဝိုင်း**

လူငယ်များကို မူးယစ်ဆေးအန္တရာယ်မှ ကာကွယ်ရန် မိသားစုတစ်ခုတည်း၏ အားထုတ်မှုဖြင့် မလုံလောက်ဘဲ ကျောင်းနှင့် လူမှုအသိုင်းအဝိုင်းများပါ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည်။ ကျောင်းများတွင် မူးယစ်ဆေးအန္တရာယ်ပညာပေးခြင်းနှင့်အတူ အားကစား၊ အနုပညာ၊ စာဖတ်ခြင်း၊ သိပ္ပံနှင့် လူမှုဝန်ထမ်းလုပ်ငန်းများအတွက် အခွင့်အလမ်းများ ဖန်တီးပေးသင့်သည်။ လူမှုအသိုင်းအဝိုင်းများတွင်လည်း လူငယ်များအတွက် အားကစားကွင်းများ၊ စာကြည့်တိုက်များနှင့် လူငယ်လှုပ်ရှားမှုနေရာများ ရှိသင့်သည်။

**❛ မူးယစ်ဆေးဝါးပြဿနာသည် တစ်ဦးချင်းစီ၏ ကျန်းမာရေးအပြင် မိသားစုနှင့် လူမှုအသိုင်းအဝိုင်းများအပေါ်ပါ ဝန်ထုပ်ဝန်ပိုးဖြစ်စေနိုင်သည်။ ထို့ကြောင့် မူးယစ်ဆေးပြဿနာကို တစ်ဦးချင်း အပြစ်အဖြစ်သာမမြင်ဘဲ ပြည်သူ့ကျန်းမာရေးနှင့် လူမှုရေးပြဿနာအဖြစ်လည်း အလေးထားဖြေရှင်းရန် လိုအပ်သည်။ အထူးသဖြင့် လူငယ်များကို အန္တရာယ်မဖြစ်မီကာကွယ်ပေးခြင်းသည် ရေရှည်အတွက် အရေးကြီးသော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ် ❜**

ထို့ကြောင့် မူးယစ်ဆေးကာကွယ်ရေးသည် **“မူးယစ်ဆေးမသုံးရ”**ဟု တားမြစ်ပြောဆိုခြင်း တစ်ခုတည်းမဟုတ်ဘဲ လူငယ်များအတွက် ကျန်းမာ၊ လုံခြုံပြီး ရည်မှန်းချက်ရှိသော ဘဝပတ်ဝန်းကျင်ကို တည်ဆောက်ပေးခြင်းလည်းဖြစ်သည်။ လူငယ်တို့၏အနာဂတ်သည် မိသားစုနှင့် လူ့အဖွဲ့အစည်း၏ အနာဂတ်ဖြစ်သောကြောင့် **“မူးယစ်ဆေးကို မသုံးရ”**ဟုသာ ပြောခြင်းထက် **“မူးယစ်ဆေးမသုံးဘဲ ဘာကောင်းတာလုပ်မလဲ”** ဆိုသည့် အဖြေကို လူငယ်များနှင့်အတူ ဖန်တီးပေးကြရမည်ဖြစ်သည်။

**လူငယ်တို့၏အနာဂတ်ကို ကာကွယ်ကြပါစို့**

**ဆယ်ကျော်သက်အရွယ်သည် လူတစ်ဦး၏ အနာဂတ်ဘဝအတွက် အခြေခံကောင်းများ တည်ဆောက်ရမည့် အရေးကြီးသောကာလဖြစ်သည်။ မူးယစ်ဆေးဝါးသည် လူငယ်တို့၏ ကျန်းမာရေး၊ ပညာရေး၊ မိသားစုဘဝနှင့် အနာဂတ်အခွင့်အလမ်းများကို ထိခိုက်စေနိုင်သည့် အန္တရာယ်တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် မူးယစ်ဆေးကာကွယ်ရေးကို တားမြစ်ခြင်းတစ်ခုတည်းအဖြစ်မမြင်ဘဲ ကျန်းမာသောဘဝပုံစံ၊ မှန်ကန်သော ဆုံးဖြတ်ချက်ချနိုင်စွမ်းနှင့် မိမိကိုယ်ကို ထိန်းချုပ်နိုင်စွမ်းတို့ကို တည်ဆောက်ပေးခြင်းအဖြစ် ဆောင်ရွက်သင့်သည်။ မိဘများက နားလည်မှုရှိစွာ နားထောင်ပေးပြီး ကျောင်းများက အသိပညာနှင့် အကျိုးရှိသော လှုပ်ရှားမှုများပံ့ပိုးပေးရန် လိုအပ်သည်။**

လူငယ်များအနေဖြင့်လည်း မိမိတို့၏ အိပ်မက်များနှင့် ရည်မှန်းချက်များကို တန်ဖိုးထားကာ မူးယစ်ဆေးအပါအဝင် အန္တရာယ်ရှိသော အပြုအမူများကို ပြတ်သားစွာ ငြင်းပယ်သင့်သည်။ လူငယ်တစ်ဦးချင်းစီ၏အိပ်မက်ကို ကာကွယ်ခြင်းသည် မိသားစုတစ်စု၏ အနာဂတ်ကိုသာမက လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏အနာဂတ်ကို ကာကွယ်ခြင်းဖြစ်သောကြောင့် **“အချိန်ကိုအကျိုးရှိစွာအသုံးချပြီး မိမိအနာဂတ်ကို မူးယစ်ဆေးမှ ကာကွယ်ကြပါ”** ဟု တိုက်တွန်းလိုက်ရပါသည်။ ။

---

✣ **စပိန်အသင်းမှ**

ကမ္ဘာ့ဖလားလက်ရှိချန်ပီယံစပိန်အသင်းအနေနဲ့ အခုလိုအနိုင်ရရှိခဲ့တာကြောင့် နိုင်ငံတကာပွဲစဉ် ၄၀ အထိ ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့ပြီဖြစ်ပါတယ်။ စပိန်အသင်းဟာ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ အာဂျင်တီးနားအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ပထမဆုံးအိမ်ကွင်းပြန်လည်ကစားရတာဖြစ်ပြီး လာမယ့်ပွဲစဉ်အဖြစ် ချက်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ကာ ခရိုအေးရှားအသင်းကတော့ အင်္ဂလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။

ငွေကြယ်

✦ **Esports မှ**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီ(ဂျပန်နိုင်ငံစံတော်ချိန် ညနေ ၅ နာရီခွဲ)တွင် မြန်မာ့လက်ရွေးစင် Team Zanaka အသင်းသည် ဆီမီးဖိုင်နယ်၌ မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ခဲ့ရာ ရလဒ် ၂-၁ ဖြင့် အောင်မြင်ခဲ့ပြီး ငွေတံဆိပ်ဆုရရှိခဲ့ကာ Grand Final အဆင့်သို့ တက်လှမ်းခဲ့သည်။ တစ်ဖက်တွင်လည်း အင်ဒိုနီးရှားနှင့် မွန်ဂိုလီးယားအသင်းတို့က ညပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အောင်မြင်သောအသင်းသည် အောက်တိုဘာ ၁ ရက်တွင် အာရှချန်ပီယံရွှေတံဆိပ်ဆုအတွက် မြန်မာအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် Team Zanaka အသင်းသည် PUBG Mobile (PUBGM) ပြိုင်ပွဲတွင် အဆင့် ၁၂၊ Honor of Kings (HOK) ပြိုင်ပွဲ၌ အဆင့်ရှစ်နှင့် ကျေနပ်ခဲ့ရပြီး eFootball Mobile နှင့် eFootball Console ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရကာ Mobile Legends: Bang Bang (MLBB) ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုနှင့် လက်တစ်ကမ်းသို့ ရောက်ရှိနေကြောင်း သိရသည်။

သစ္စာ(MNA)

ဓာတ်ပုံ-MESF

# စက်မှုဖွံ့ဖြိုးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့ သဟဇာတဖြစ်တည်ရာ ရှန်းကျန့်မြို့ .....

**လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်ကဆိုလျှင် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံးပြည်နယ်၏ အစွန်အဖျားမြို့ငယ်တစ်ခု၊ ဟောင်ကောင်နှင့် မျက်နှာချင်းဆိုင်လျက်ရှိသော ‘ပေါင်အန်း’ (Bao’an) ဟုခေါ်သည့် ကန်တုန် ငါးဖမ်းရွာငယ်လေးတစ်ရွာ ရှိခဲ့ဖူးပါသည်။**

**ထက်လျှံ**

ရွှံ့ညွန်ထူထပ်ပြီး လမ်းမရှိ၊ လျှပ်စစ်မီးမရှိဘဲဆင်းရဲမွဲတေလှသည့် ထိုရွာငယ်လေးသည် ၁၉၇၉ ခုနှစ်တွင် လူငယ်ခြေတက်များ၊ မိမိတို့ရပ်ရွာဒေသကို တိုးတက်ကြီးပွားလိုသူဒေသခံများ၏ စွမ်းပကားဖြင့် အဆင့်မြင့်တင်ကာ ပေါင်အန်းကို “ရှန်းကျန့်မြို့” အဖြစ် သန္ဓေတည်မွေးဖွားစေခဲ့သည်။

၁၉၈၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံအနှံ့အပြားမှ စစ်သားဟောင်းများနှင့် လယ်သမားလုပ်သားနှစ်သိန်းကျော်တို့သည် ရှန်းကျန့်မြို့သို့ရောက်ရှိလာကာ သွေး၊ ချွေးများစွာဖြင့် လမ်း၊ တံတား စသည့် အခြေခံအဆောက်အအုံများကို စတင်တည်ဆောက်ခဲ့ကြပြီး တရုတ်နိုင်ငံ၏ ပထမဆုံးအထူးစီးပွားရေးဇုန် (Special Economic Zone – SEZ)ဖော်ဆောင်ခဲ့သည်။

အထည်ချုပ်စက်ရုံ၊ အရုပ်စက်ရုံ စသည့်စက်ရုံ၊ အလုပ်ရုံများဖြင့် စတင်ခဲ့သည့် ရှန်းကျန့်အထူးစီးပွားရေးဇုန်သည် တရုတ်နိုင်ငံ၏ စက်မှုဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် ကဏ္ဍသစ်တစ်ခု ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ထိုမှတစ်ဆင့် ယနေ့အချိန်တွင် လူဦးရေသန်း ၂၀ ကျော် နေထိုင်သည့် တရုတ်နိုင်ငံ၏ ဆီလီကွန်တောင်ကြားဟု တင်စားခေါ်ဝေါ်နိုင်သည့် Silicon Valley of China အဖြစ်သို့ တစ်ဆင့်ချင်း အုံ့ဖွယ်ပြောင်းလဲတိုးတက်သွားခဲ့သည်။

စမတ်ဖုန်းတစ်လုံးအတွက် လိုအပ်သောအပိုပစ္စည်း၊ ချစ်ပ်ပြား၊ ဖုန်း Screen များအားလုံးကို နာရီပိုင်းအတွင်း ဝယ်ယူရရှိနိုင်သဖြင့် နည်းပညာတီထွင်သူ လူငယ်များအတွက် ကမ္ဘာ့အကြီးဆုံး အီလက်ထရွန်နစ်ဈေးကွက် ဖြစ်လာခဲ့ကာ ကမ္ဘာ့ထိပ်သီးစီးပွားရေးမြို့ကြီးတစ်မြို့အဖြစ် ခံ့ထည်စွာ နေရာယူနိုင်ခဲ့ပြီဖြစ်သည်။

၂၀၂၅ ခုနှစ် စာရင်းဇယားများအရ ရှန်းကျန့်မြို့၏ ဂျီဒီပီ(GDP) သည် တရုတ်ယွမ် ၃ ဒသမ ၈၇ ထရီလီယံအထိရှိခဲ့ပြီး ကမ္ဘာ့အကြီးဆုံး မြို့ကြီး ၁၀ မြို့စာရင်းတွင် ပါဝင်လာကာ စက်မှုကုန်ထုတ်လုပ်မှုနှင့် သွင်းကုန်ထုတ်ကုန်တန်ဖိုးတွင် တရုတ်နိုင်ငံ၏ ပထမနေရာတွင် ရပ်တည်နေသည်။

**ဂေဟစနစ်မြို့ပြ (Eco-City) သို့ အသွင်ပြောင်းလဲခြင်း**

အရှိန်အဟုန်ဖြင့် စက်မှုထွန်းကားလာမှု၏ ရလဒ်အဖြစ် စီးပွားရေးအခွင့်အလမ်းသစ်များ၊ ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ကြဉ်းပေးနိုင်ခဲ့သော်လည်း တစ်ဖက်တွင် များပြားလာသည့် မြို့ပြလူနေမှုစနစ်နှင့် စက်ရုံများမှစွန့်ပစ်ပစ္စည်းများ၊ လေထုနှင့် ရေထုညစ်ညမ်းမှုဒဏ်ကို ရှန်းကျန့်မြို့သည် ၂၀၀၀ ပြည့်လွန်နှစ်များက ပြင်းထန်စွာခံစားခဲ့ရသည်။

ထိုသို့မြို့ပြပြဿနာများကို ဖြေရှင်းနိုင်ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မြို့ပြစီမံကိန်းများတွင် မြို့ပြအလှအပနှင့် ပြည်သူလူထု၏ ကျန်းမာရေးကို ထည့်သွင်းတွက်ချက်ကာ သစ်ပင်ပန်းမန်များနှင့် ပန်းခြံစီမံကိန်းများ ချမှတ်ဖော်ဆောင်ခဲ့သည်။

၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်း၌ ရှန်းကျန့်မြို့တွင် ပန်းခြံပေါင်း ၁၃၅၀ (သဘာဝတောရိုင်းပန်းခြံ ၃၉ ခု၊ မြို့ပြပန်းခြံ ၂၀၆ ခုနှင့် လူထုပန်းခြံ ၁၁၀၅ ခု) တည်ဆောက်ထားသဖြင့် လူဦးရေ၏ ၉၁ ရာခိုင်နှုန်းကျော်သည် မိမိတို့နေအိမ်မှ လမ်းလျှောက်ရုံဖြင့် ပန်းခြံများသို့ လွယ်လင့်တကူ ရောက်ရှိနိုင်ကြသည်။

မြို့နေလူထုသည် နည်းပညာများနောက်လိုက်ရင်း မိုဘိုင်းဖုန်းများနှင့်သာ အချိန်ကုန်မနေစေရန် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေးအတွက်သာမက စိတ်ခွန်အားရရှိရေးအတွက် ပန်းခြံများအတွင်း စာဖတ်ခြင်းကိုပေါင်းစပ်ထားသော "Park Book Bars" ၁၀၀ ဖော်ဆောင်ထားသည်ကိုလည်း တွေ့ရသည်။



**မြို့ပြကို ပုံဖော်ခြင်းနှင့် သစ်တောဗျူဟာ**

မြို့၏ နေရာထက်ဝက်နီးပါးကို “အစိမ်းရောင်နှင့် အလှပဆုံးရှန်းကျန့်” (c) ဟူသော ရည်မှန်းချက်ဖြင့် ဂေဟစနစ်ထိန်းသိမ်းရေးနယ်မြေ (Ecological Conservation Redlines) အဖြစ် သတ်မှတ်ထားသည်။ သစ်တောဂေဟစနစ် တိုးတက်ကောင်းမွန်လာစေရန် ရှန်းကျန့်မြို့သည် "Forest Chiefs" စနစ်ကို ကျင့်သုံးပြီး ငါးနှစ်အတွင်း သစ်ပင် တစ်သန်း စိုက်ပျိုးခြင်းစီမံကိန်းကို ဖော်ဆောင်ခဲ့ရာ ယခုအခါ ရှန်းကျန့်မြို့၏ သစ်တောဖုံးလွှမ်းမှုနှုန်းသည် ၃၉ ရာခိုင်နှုန်းအထိ ရောက်ရှိလာသည်။

ထို့ပြင် ရှန်းကျန့်မြို့လယ်ကောင်တွင် ဒီရေတောနှင့် ငှက်မျိုးစုံဘေးမဲ့တောကို စနစ်တကျ ထိန်းသိမ်းဖော်ဆောင်ထားသည်။ မြို့ပြဖွံ့ဖြိုးမှုကြောင့် တိရစ္ဆာန်များ၏နေရပ်များ မပျောက်ကွယ်စေရန် Meilin တောင်နှင့် Yinhu တောင်ကို ဆက်သွယ်ပေးသည့် **“ကောင်းကင်တံတား”** ကို တည်ဆောက်ထားသည်။ တံတား၏ ၁၀ ပုံ တစ်ပုံကိုသာ ခရီးသွားများ သွားလာခွင့်ပြုခဲ့ပြီး ကျန်နေရာများကို သစ်ပင်၊ ချုံနွယ်၊ ရေကန်များဖြင့် သဘာဝအတိုင်းထားကာ တိရစ္ဆာန်များ ကျင်လည်ကျက်စား သွားလာနေထိုင်နိုင်ရန် ဖန်တီးထားသည်။

**ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ပန်းခြံမြို့တော်**

ရှန်းကျန့်မြို့၌ ကမ္ဘာ့ပထမဆုံး “နိုင်ငံတကာ ဒီရေတောဗဟိုဌာန” (International Mangrove Center – IMC)ကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် နိုင်ငံပေါင်း ၁၈ နိုင်ငံဖြင့် တရားဝင်ဖွင့်လှစ်ခဲ့ပြီး ယခုနှစ် ဇွန်လတွင် ၂၂ နိုင်ငံအထိ တိုးတက်လာကာ ကမ္ဘာ့ဂေဟစနစ်ထိန်းသိမ်းမှုတွင် အဓိကဗဟိုချက် ဖြစ်လာခဲ့သည်။

**ဂေဟစနစ်တန်ဖိုးပြောင်းလဲခြင်း**

ရှန်းကျန့်သည် ဂေဟစနစ်၏တန်ဖိုးကို စီးပွားရေးအကျိုးအမြတ်အဖြစ် ပြောင်းလဲနိုင်ရန် Gross Ecosystem Product (GEP) စနစ်ကို တရုတ်နိုင်ငံတွင် ပထမဆုံး ကျင့်သုံးခဲ့သည်။

ထို့ပြင် Super Typhoon ကဲ့သို့သော သဘာဝဘေးအန္တရာယ်များကို ကာကွယ်ရန် သဘာဝအခြေပြုဖြေရှင်းနည်းများ (Nature–based Solutions – NbS) ကို အသုံးပြုကာ ၁၅ ဒသမ ၆ ကီလိုမီတာ ရှည်လျားသော “အရှေ့ဘက် ဂေဟစနစ်ပင်လယ်တံတိုင်း” (Eastern Ecological Seawall) ကို တည်ဆောက်ခဲ့ပြီး နှစ်ပေါင်း၂၀၀ တွင် တစ်ကြိမ်ဖြစ်ပွားနိုင်သော ဆိုးရွားသည့် မုန်တိုင်းဒီရေလှိုင်းဒဏ်ကို ခံနိုင်ရည်ရှိအောင် အဆင့်မြှင့်တင်ဆောင်ရွက်ထားသည်ကို လေ့လာသိရှိရသည်။

**နည်းပညာဖြင့် ပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်း**

ရှန်းကျန့်မြို့သည် စက်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင်သာ ထိပ်တန်းရောက်နေသည်မဟုတ်၊ အစိမ်းရောင်နည်းပညာများတွင်လည်း ရှေ့ဆောင်မြို့ပြတစ်ခုဖြစ်သည်။ အထူးသဖြင့် ကမ္ဘာ့ပထမဆုံး **"Supercharging City"** ဖြစ်လာစေရန် ရည်မှန်းချက်ထားပြီး စက်သုံးဆီအရောင်းဆိုင်များထက် လျှပ်စစ်ကားအားသွင်းနိုင်သည့်နေရာများ (Supercharging Stations)များ ပိုမိုတည်ဆောက်ပေးထားသည်ကို တွေ့ရသည်။

“ကော်ဖီတစ်ခွက်သောက်ရင်း အားအပြည့်သွင်း” (A cup of coffee, a full charge) ဆိုသည့်အတိုင်း လျှပ်စစ်ကားငယ်များကို ငါးမိနစ်အတွင်း ၇၀ ရာခိုင်နှုန်းအထိ အားသွင်းပေးနိုင်သည့် Liquid–cooling နည်းပညာကို အသုံးပြုကာ မြို့အတွင်း ၄၈၀ ကီလိုဝပ်နှင့်အထက်ရှိသော စူပါအားသွင်းစတေရှင်ပေါင်း ၁၂၂၇ ခုကို တည်ဆောက်ထားသည်။

ရှန်းကျန့်သည် မြို့ပြစွမ်းအင်သုံးစွဲမှုကို ထိန်းချုပ်ခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုနှင့် ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။ မြို့တွင်းရှိ အများပြည်သူသုံးဘတ်စ်ကားများနှင့် တက္ကစီများကို လျှပ်စစ်ကားများ (EVs) သို့ ရာနှုန်းပြည့်ပြောင်းလဲအသုံးပြုနိုင်ခြင်းက ကာဗွန်ထုတ်လွှတ်မှုကို သိသာစွာ လျော့ကျစေခဲ့သဖြင့် "Green Transition" ကို အရှိန်အဟုန်မြင့်ဆောင်ရွက်နေကြောင်း သိရသည်။

ရှန်းကျန့်မြို့သည် အခြားကမ္ဘာ့မြို့ကြီးများကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အင်တိုက်အားတိုက်လုပ်ဆောင်နေသည်။ စွမ်းအင်သက်သာသည့် အဆောက်အအုံများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်) သုံးစွဲမှုများကို တိုးမြှင့်ကာ လူနေမှုဘဝ အရည်အသွေးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို ဟန်ချက်ညီစေရန် ဦးစားပေးကြိုးပမ်းလျက်ရှိသည်။

နည်းပညာများ၊ အစိမ်းရောင်စွမ်းအင်များ၊ ကျန်းမာရေးနှင့်ညီညွတ်မျှတသည့် ပန်းခြံမြို့တော် မြို့ပြစီမံကိန်းစနစ်များနှင့် ရှန်းကျန့်မြို့၏ ဆယ်စုနှစ်တစ်ခုစီအလိုက် ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်း၊ အခက်အခဲများနှင့် အားမာန်များက မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုရရှိရန် အားယူနေရသည့် နိုင်ငံများအတွက် စံနမူနာယူဖွယ်ဖြစ်သည်။

ထားဝယ်အထူးစီးပွားရေးဇုန်၊ သီလဝါအထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူရေနက်စီမံကိန်းကဲ့သို့ အထူးစီးပွားရေးဇုန်များဖော်ဆောင်ကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ပြီး ကုန်ထုတ်စွမ်းအားမြင့်မားအောင်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသည့်အတွက် ရှန်းကျန့်အထူးစီးပွားရေးဇုန်ဖော်ဆောင်ကာ စက်မှုလုပ်ငန်းတိုးတက်အောင် ဆောင်ရွက်နိုင်သည့် စီမံခန့်ခွဲမှုများကလည်း သင်ခန်းစာယူစရာ အတွေ့အကြုံကောင်းများပင်ဖြစ်သည်။

ထိုသို့ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် အောင်မြင်ရေးနည်းလမ်း၊ ဖွံ့ဖြိုးတိုးတက်မှုကျင့်စဉ်၊ မဟာဗျူဟာ၊ နည်းဗျူဟာများအနက် မလိုသည်ကိုပယ်၊ မိမိတို့နိုင်ငံ၊ ရပ်ရွာဒေသနှင့် ကိုက်ညီသည်များကို သင်ခန်းစာယူ လိုက်နာကျင့်သုံး ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ ရောဂါဘယကင်းဝေးကာ ကုန်ထုတ်စွမ်းအားမြင့်မားပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုဝန်းကျင်ကောင်းများကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**“ရှန်းကျန့်မြို့သည် စက်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင်သာ ထိပ်တန်းရောက်နေသည်မဟုတ်၊ အစိမ်းရောင်နည်းပညာများတွင်လည်း ရှေ့ဆောင်မြို့ပြတစ်ခုဖြစ်သည်။ အထူးသဖြင့် ကမ္ဘာ့ပထမဆုံး “Supercharging City” ဖြစ်လာစေရန် ရည်မှန်းချက်ထားပြီး စက်သုံးဆီအရောင်းဆိုင်များထက် လျှပ်စစ်ကားအားသွင်းနိုင်သည့် နေရာများ (Supercharging Stations)များ ပိုမိုတည်ဆောက်ပေးထား”**

**“အရှိန်အဟုန်ဖြင့် စက်မှုထွန်းကားလာမှု၏ ရလဒ်အဖြစ် စီးပွားရေးအခွင့်အလမ်းသစ်များ၊ ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ကြဉ်းပေးနိုင်ခဲ့သော်လည်း တစ်ဖက်တွင် များပြားလာသည့် မြို့ပြလူနေမှုစနစ်နှင့် စက်ရုံများမှစွန့်ပစ်ပစ္စည်းများ၊ လေထုနှင့် ရေထုညစ်ညမ်းမှုဒဏ်ကို ရှန်းကျန့်မြို့သည် ၂၀၀၀ ပြည့်လွန်နှစ်များက ပြင်းထန်စွာ ခံစားခဲ့ရသည်။**

**ထိုသို့မြို့ပြပြဿနာများကို ဖြေရှင်းနိုင်ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မြို့ပြစီမံကိန်းများတွင် မြို့ပြအလှအပနှင့် ပြည်သူလူထု၏ကျန်းမာရေးကို ထည့်သွင်းတွက်ချက်ကာ သစ်ပင်ပန်းမန်များနှင့် ပန်းခြံစီမံကိန်းများ ချမှတ်ဖော်ဆောင်”**

# ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ဘေးကင်းလုံခြုံရေးစည်းမျဉ်းများကို ခိုင်မာအားကောင်းစေရန်အတွက် သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုး

**ဝါရှင်တန် စက်တင်ဘာ ၃၀**

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ဘေးကင်းလုံခြုံရေးစည်းမျဉ်းများကို ခိုင်မာအားကောင်းစေရန်အတွက် အမေရိကန်နည်းပညာလုပ်ငန်းကဏ္ဍမှ ထိပ်တန်းစွန့်ဦးတီထွင်သူ ခြောက်ဦးနှင့် သဘောတူညီချက်တစ်ရပ်ကို ယမန်နေ့က လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ ခေါင်းဆောင်များတွင် အန်ဗီဒီယာ ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဒါရီယိုအာမိုဒီနှင့် မီတာ ကုမ္ပဏီအမှုဆောင်အရာရှိချုပ် မာ့ခ်ဇူကာဘတ်ဂ်တို့ ပါဝင်ကြောင်း သိရသည်။

၎င်းတို့က ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ဘေးကင်းလုံခြုံရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် အိမ်ဖြူတော်သို့ သွားရောက်ခဲ့ကြသည်။

အဆိုပါသဘောတူညီချက်တွင် နည်းပညာကို ဘေးကင်းလုံခြုံစွာ တီထွင်ဖန်တီးရင်း တစ်ချိန်တည်းမှာပင် သုံးစွဲသူများနှင့် ပြည်သူလူထု၏ ယုံကြည်မှုကို တည်ဆောက်ရန် တာဝန်ရှိကြောင်း ဖော်ပြထားသည်။



ထို့ပြင် ကုမ္ပဏီတစ်ခုချင်းစီအနေဖြင့် “ထိန်းချုပ်မှုနှင့် စစ်ဆေးမှု အဆင့် (၄) ဆင့်” ကို ကျင့်သုံးဆောင်ရွက်သင့်ကြောင်းလည်း ပါဝင်သည်။

ပထမအဆင့်တွင် တီထွင်ဆဲ AI မော်ဒယ်များအနေဖြင့် နည်းပညာစနစ်များကို မရည်ရွယ်ထားသောနည်းလမ်းများဖြင့် ဖောက်ထွင်းဝင်ရောက်ခြင်း (hacking) မပြုလုပ်မိစေရန် ခိုင်မာသောအတွင်းပိုင်းထိန်းချုပ်မှုများ ပြုလုပ်ထားရှိခြင်းဖြစ်သည်။

ဒုတိယအဆင့်တွင် စနစ်များကို စောင့်ကြည့်စစ်ဆေးရန်နှင့် လိုအပ်ပါက ပြဿနာများကို ပြင်ဆင်ဖြေရှင်းရန် အတွင်းပိုင်းအဖွဲ့များ ထားရှိဆောင်ရွက်ခြင်း ဖြစ်သည်။

တတိယအဆင့်တွင် စောင့်ကြည့်စစ်ဆေးခြင်းနှင့် ပြဿနာရှာဖွေဖော်ထုတ်ခြင်း လုပ်ငန်းစဉ်များက ရည်ရွယ်ထားသည့်အတိုင်း ထိရောက်စွာ လုပ်ဆောင်နေခြင်း ရှိ၊ မရှိကို အကဲဖြတ်ရန် လွတ်လပ်သော ပြင်ပစစ်ဆေးသူ သို့မဟုတ် အကဲဖြတ်သူနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်သည်။

နောက်ဆုံးအဆင့် ထိန်းချုပ်မှုတွင် စစ်ဆေးသူများနှင့် အကဲဖြတ်သူများထံမှ အစီရင်ခံစာများကို လက်ခံရယူရန်အတွက် ဒါရိုက်တာဘုတ်အဖွဲ့၏ လွတ်လပ်သောကော်မတီတစ်ရပ်ကို ဖွဲ့စည်းထားရှိခြင်း ဖြစ်သည်။

ယခုသဘောတူညီချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုနှင့်တူညီကြောင်းနှင့် AI လုပ်ငန်းကဏ္ဍကို ကြီးကြပ်ကွပ်ကဲရန်အတွက် အဖွဲ့ဝင် ၁၀ ဦးခန့်ပါဝင်သော ကော်မတီတစ်ရပ်ဖွဲ့စည်းရန် စဉ်းစားနေကြောင်းလည်း သမ္မတထရမ့်က သတင်းထောက်များအား ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



# တရုတ်နိုင်ငံ၏ အာတိတ်သမုဒ္ဒရာစူးစမ်းလေ့လာရေးသင်္ဘောများ တာဝန်အောင်မြင်စွာထမ်းဆောင်ခဲ့

**ရှန်ဟိုင်း စက်တင်ဘာ ၃၀**

တရုတ်နိုင်ငံ၏ (၁၆)ကြိမ်မြောက် အာတိတ်သမုဒ္ဒရာ စူးစမ်းလေ့လာရေးတာဝန် သွားရောက်ထမ်းဆောင်ခဲ့သည့်ဇူလောင်နှင့်ဇူလောင်-၂သုတေသနသင်္ဘောများသည် တာဝန်များ အောင်မြင်စွာ ထမ်းဆောင်ခဲ့ပြီးနောက် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ ဆိပ်ကမ်းသို့ စက်တင်ဘာ ၃၀ရက်က ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

၎င်းသုတေသနလုပ်ငန်း ဆောင်ရွက်သည့်သင်္ဘောများသည် အာတိတ်သမုဒ္ဒရာအတွင်း သိပ္ပံပညာဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး အထောက်အကူပြုသည့် အချက်အလက်များကို နိုင်ငံတကာမှ ကျွမ်းကျင်သူများနှင့် ပူးပေါင်းရှာဖွေခြင်းတို့ကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။

တရုတ်နိုင်ငံ၏ ယခုကဲ့သို့အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် သိပ္ပံပညာဆိုင်ရာ လေ့လာတွေ့ရှိမှုများမှတစ်ဆင့် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုကို ထိရောက်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ခိုင်မာသောအထောက်အပံ့ဖြစ်စေခဲ့ပြီး အာတိတ်ဒေသ၏ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မှုကိုလည်း မြှင့်တင်ပေးခဲ့ကြောင်းသိရသည်။

အာတိတ်သမုဒ္ဒရာ စူးစမ်းလေ့လာရေးတာဝန်ထမ်းဆောင်နေသည့် အခြားသင်္ဘောများဖြစ်သည့် ဂျီဒီနှင့် တန်ဇူအို- ၃ သင်္ဘောများမှာ လက်ရှိတွင် အာတိတ်သမုဒ္ဒရာအတွင်း သုတေသနလုပ်ငန်းများ ဆောင်ရွက်နေကြောင်းသိရသည်။

**ဆင်ဟွာ**

# ထိုင်းနိုင်ငံ၌ ရေကြီးရေလျှံမှုများကြောင့် သုဝဏ္ဏဘူမိလေဆိပ်၌ လုပ်ငန်းလည်ပတ်မှု အခက်အခဲကြုံတွေ့နေရ

**ဘန်ကောက် စက်တင်ဘာ ၃၀**

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ထိုင်းနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုများသည် ဘန်ကောက်မြို့အနီးရှိ နိုင်ငံ၏ အဓိကနိုင်ငံတကာလေဆိပ်တွင် လုပ်ငန်းလည်ပတ်မှုများကို ပြင်းထန်စွာ အနှောင့်အယှက်ဖြစ်စေခဲ့သည်။

ခရီးသည်အချို့က ရက်ပေါင်းများစွာ စောင့်ဆိုင်းခဲ့ရသော်လည်း သုဝဏ္ဏဘူမိလေဆိပ်၌ ၎င်းတို့၏ ခရီးဆောင်အိတ်များကို ပြန်လည်ရယူနိုင်ခြင်း မရှိသေးပေ။ ရေကြီးမှုများကြောင့် ဝန်ထမ်းအချို့မှာ လုပ်ငန်းခွင်သို့ လာရောက်နိုင်ခြင်း မရှိခဲ့ကြောင်း ထိုင်းနိုင်ငံ၏ အမျိုးသားလေကြောင်းလိုင်း ဖြစ်သော ထိုင်းလေကြောင်းလိုင်းက ပြောကြားခဲ့သည်။

အဆိုပါ အခြေအနေကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် လေကြောင်းလိုင်းက ခရီးသည်များ ဆိုက်ရောက်ရာခန်းမတွင် ယာယီကောင်တာများ ဖွင့်လှစ်ထားရှိသည်။

သို့သော် စက်တင်ဘာ ၃၀ ရက်အထိ ခရီးသွားများက ၎င်းတို့၏ ခရီးဆောင်အိတ်များကို လာရောက်ထုတ်ယူခဲ့ကြသော်လည်း အိတ်ပေါင်း ၈၀၀၀ ခန့်မှာမူ ကျန်ရှိနေဆဲဖြစ်သည်။

လန်ဒန်မြို့မှ အမျိုးသားတစ်ဦးက ၎င်းအနေဖြင့် သုံးရက်အကြာက ရောက်ရှိခဲ့သော မိတ်ဆွေတစ်ဦးအတွက် ခရီးဆောင်အိတ်ကို လာရောက်ထုတ်ယူခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ၎င်းအနေဖြင့် ယခင်က ယခုကဲ့သို့သောအခြေအနေမျိုးနှင့် မည်သည့်အခါမျှ မကြုံတွေ့ခဲ့ဖူးကြောင်းလည်း ပြောကြားခဲ့သည်။

ခရီးဆောင်အိတ်များ သယ်ယူပို့ဆောင်ရာတွင် ကူညီပေးနိုင်ရန်အတွက် တပ်မတော်သားများကိုလည်း လေဆိပ်သို့ စေလွှတ်ထားကြောင်း သိရသည်။

ပြည်တွင်းနှင့် နိုင်ငံတကာ လေကြောင်းခရီးစဉ် ဒါဇင်နှင့်ချီ၍ ဖျက်သိမ်းခဲ့ရပြီး လုပ်ငန်းလည်ပတ်မှုများ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရန် နောက်ထပ်ရက်အနည်းငယ်ခန့် ကြာမြင့်နိုင်ဖွယ်ရှိကြောင်း ထိုင်းလေကြောင်းလိုင်းက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



# ဂျပန်နိုင်ငံ တိုကျိုဒေသအလယ်ပိုင်း အိုင်ဇူကျွန်းသို့ အပူပိုင်းမုန်တိုင်း ဆာရီဂေ ချဉ်းကပ်လာနေ

**တိုကျို စက်တင်ဘာ ၃၀**

ဂျပန်နိုင်ငံ တိုကျိုဒေသအလယ်ပိုင်း အိုင်ဇူကျွန်းသို့ အပူပိုင်းမုန်တိုင်း ဆာရီဂေ ချဉ်းကပ်လာနေကြောင်း တာဝန်ရှိသူများက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အဆိုပါမုန်တိုင်းသည် စက်တင်ဘာ ၃၀ရက် ညမှ အောက်တိုဘာ ၁ရက်နေ့ နံနက်ပိုင်းအတွင်း ရောက်ရှိလာမည်ဟု သိရသည်။

ဂျပန်နိုင်ငံတောင်ပိုင်း ရေပြင်ကို ဗဟိုပြုနေသည့် အဆိုပါအပူပိုင်းမုန်တိုင်းသည် စက်တင်ဘာ ၃၀ရက် ဒေသစံတော်ချိန် နံနက် ၉နာရီတွင် တစ်နာရီလျှင် ၁၅ကီလိုမီတာနှုန်းဖြင့် ရွေ့လျားလာနေကြောင်း ဂျပန်မိုးလေဝသအေဂျင်စီသတင်းထုတ်ပြန်ချက်အရ သိရသည်။

မုန်တိုင်း၏ ဗဟိုချက်တွင် လေဖိအားမှာ ၁၀၀၀ ဟက်တိုပါစကယ် ရှိပြီး မုန်တိုင်းဗဟိုချက်၏ တောင်ဘက် ၂၂၀ ကီလိုမီတာနှင့် မြောက်ဘက် ၁၆၅ ကီလိုမီတာအတွင်း တစ်နာရီလျှင် ၅၄ ကီလိုမီတာနှုန်းရှိသည့် လေတိုက်ခတ်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ အဆိုပါမုန်တိုင်း မရောက်ရှိမီ အချိန်အတွင်း အိုင်ဇူကျွန်းတွင် မိုးတိမ်တိုက်များဖြစ်ခဲ့ပြီး ဟာချီဂျိုဂျိမကျွန်းတွင် တစ်နာရီလျှင် မိုးရေချိန် ၃၁ ဒသမ ၅ မီလီမီတာအထိ ရွာသွန်းခဲ့သည်။ ဒေသအတွင်း လေတိုက်နှုန်းများ ပြင်းထန်ကာ လှိုင်းကြီးခဲ့ကြောင်း သိရသည်။ ဒေသအတွင်း လှိုင်းကြီးမှုများနှင့်အတူ မြေပြိုမှုများဖြစ်နိုင်သဖြင့် သတိပြုနေထိုင်ကြရန် တာဝန်ရှိသူများက သတိပေးထားသည်။ တိုကျိုဒေသအနီးရှိ ချီဘာစီရင်စုအတွင်း မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်းနှင့် ဒေသအတွင်း မြေသားများ ပျော့နေခြင်းနှင့် တာတမံများပျက်စီးခြင်းတို့ကြောင့် ထိခိုက်ဆုံးရှုံးမှုများရှိနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# မလေးရှားနိုင်ငံတစ်ဝန်း၌ လေထုအရည်အသွေး ဆက်လက်နိမ့်ကျလျက်ရှိ

**ကွာလာလမ်ပူ စက်တင်ဘာ ၃၀**

မလေးရှားနိုင်ငံတစ်ဝန်း၌ လေထုအရည်အသွေး ဆက်လက်နိမ့်ကျလျက်ရှိပြီး ဒေသပေါင်းများစွာတွင် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အဆင့်သတ်မှတ်ချက်များ မှတ်တမ်းတင်ခဲ့ကြောင်း တရားဝင်အချက်အလက်များအရသိရသည်။

လေထုညစ်ညမ်းမှု အညွှန်းကိန်း (API) စီမံခန့်ခွဲမှုစနစ်၏ အချက်အလက်များအရ ဆီလန်ဂေါပြည်နယ်သည် အဆိုးရွားဆုံးထိခိုက်ခံစားခဲ့ရပြီး ဂျိုဟန်စတီယာခရိုင်တွင် လေထုညစ်ညမ်းမှုအညွှန်းကိန်းအဆင့် ၁၇၅ နှင့် ပြည်နယ်မြို့တော် ရှားအလမ်၌ ၁၆၉ အသီးသီး မှတ်တမ်းတင်ခဲ့သည်။

မြို့တော် ကွာလာလမ်ပူ၌လည်း ကျန်းမာရေးကို ထိခိုက်စေသည့် အဆင့်သတ်မှတ်ချက်များ တွေ့ရှိခဲ့ရပြီး ချာရပ်စ်ဒေသတွင် ၁၇၀ နှင့် ဘာတုမူဒါဒေသတွင် ၁၆၃ အသီးသီး မှတ်တမ်းတင်ခဲ့သည်။

နိုင်ငံ၏ လေထုအရည်အသွေး သတ်မှတ်ချက်များအရ လေထုညစ်ညမ်းမှုအညွှန်းကိန်း အဆင့် ၀ မှ ၅၀ အထိကို “ကောင်းမွန်သည်”၊ ၅၁ မှ ၁၀၀ အထိကို “အသင့်အတင့်ရှိသည်”၊ ၁၀၁ မှ ၂၀၀ အထိကို “ကျန်းမာရေးထိခိုက်စေသည်”၊ ၂၀၁ မှ ၃၀၀ အထိကို “ကျန်းမာရေးကို အလွန်ထိခိုက်စေသည်” နှင့် ၃၀၁ နှင့် အထက်ကို “အန္တရာယ်ရှိသည်” ဟုသတ်မှတ်ထားသည်။

**အင်န်အိတ်ချ်ကေ**

# အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာ (APTERR) အစီအစဉ်-၃(၂၀၂၅) အရ ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလှူဒါန်းသော ဆန် ၁၃၀၉ ဒသမ ၃၃၉ တန် ဧရာဝတီတိုင်းဒေသကြီးရှိ ရေဘေးသင့်ပြည်သူများထံထောက်ပံ့ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်




ပုသိမ် စက်တင်ဘာ ၃၀

အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာ (APTERR) အစီအစဉ် - ၃(၂၀၂၅) အရ ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော ဆန် ၁၃၀၉ ဒသမ ၃၃၉ တန်အား ဧရာဝတီတိုင်းဒေသကြီးရှိ ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့ရန် စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ(၁)၌ ပြုလုပ်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က ယခုကဲ့သို့ အာဆီယံအပေါင်းသုံး အရေးပေါ်ဆန် အရန်ရိက္ခာ (APTERR) အစီအစဉ်ဖြင့် ရေဘေးသင့်ပြည်သူများကို လာရောက်ထောက်ပံ့သည့် APTERR အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ တာဝန်ရှိသူများအား နိုင်ငံတော်အစိုးရကိုယ်စား၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စားနှင့် ရေဘေးသင့်ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က APTERR Tier 3 Program အကြောင်း ရှင်းလင်းတင်ပြပြီး APTERR အတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေမန်နေဂျာ Dr.Choomjet karnjanakesorn နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး၏ ပထမအတွင်းဝန် Mr.Wang Xianzhong က လှူဒါန်းမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ Tier 3 ဆန်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ လွှဲပြောင်းပေးအပ်ရာ ကျေးဇူးတင်ဂုဏ်ပြုလွှာနှင့် ဒေသထွက် လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ APTERR သည်အာဆီယံ ၁၀ နိုင်ငံနှင့် အပေါင်းသုံးနိုင်ငံများ အတွင်း သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ချိန်တွင် လိုအပ်သည့်ဒေသများသို့ အရန်ဆန်များ ထောက်ပံ့ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်သည့် အစီအစဉ်ဖြစ်သည်။

ထို့အတူ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)တွင် ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ် ရေဘေးကယ်ဆယ်ရေး လုပ်ငန်းအတွက် မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)၊ တိုင်း/ပြည်နယ်/ မြို့နယ် ဂီတအစည်းအရုံးများမှ ဒုတိယအကြိမ် ငွေကျပ်သိန်းတစ်ထောင့်နှစ်ရာနှင့် ငွေကျပ် သိန်းတစ်ထောင်ခန့် တန်ဖိုးရှိသော ဆေးဝါး၊ အဝတ်အထည်နှင့် စားသုံးကုန်ပစ္စည်းများ၊ မြန်မာနိုင်ငံ အဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MHFTSA) တို့က ငွေကျပ်သိန်း ၁၅၀ ကို လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ် ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများအတွက် စစ်တက္ကသိုလ် အမှတ်စဉ်(၂၂)မှ အရာရှိများနှင့် မိသားစုများ၊ Golden Land Group၊ Royal Sky ကုမ္ပဏီလီမိတက်၊ Dagon Golf City ဝန်ထမ်းမိသားစု၊ ဦးမောင်မောင်ကျော် (CEO, Dagon Golf Club)၊ ကိုဘော်ဘော်မိသားစု၊ ဦးဘိုဘိုထက်တို့က အလှူငွေများကို လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအဖြစ် ပုသိမ်မြို့ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ရုံးရှေ့ ရန်ကုန် - ပုသိမ် ကားလမ်းဘေးဝဲ/ယာရေမြောင်း၊ ပုသိမ်မြို့အဝင် “ရိုးသားကြိုးစား ဧရာဝတီသား” ဆိုင်းဘုတ်မှ ဒိုက်ထူတိုးဂိတ် လမ်းဘေးဝဲ/ယာရေမြောင်းများ၊ မဟာစေတီလမ်း(မြို့ပတ်လမ်း)ရှိ ငါးကျီးထူချောင်းတို့၌ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အမှိုက်နှင့် နုန်းမြေများ ရှင်းလင်းဖယ်ရှားခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ညောင်လေးပင်မြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

ညောင်လေးပင် စက်တင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနက ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်း ဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးဇော်မင်းယုက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ သင်တန်းဆရာများက သင်ကြားပို့ချပေးခဲ့ကြသည်။

ယခုဖွင့်လှစ်သောသင်တန်းတွင် ညောင်လေးပင်မြို့နယ်အတွင်း ကောက်ယူရရှိသော တိရစ္ဆာန်ကောင်ရေစာရင်းကိုအခြေပြု၍ တိရစ္ဆာန်မွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် ဒေသတွင်းစားရေရိက္ခာဖူလုံ ပိုလျှံစေရန်၊ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းကို တစ်ရက်ကြာစာတွေလက်တွေ့သင်ကြားပို့ချပေးခဲ့ကြသည်။

သင်တန်းသို့ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်/ကျေးရွာစာရေးဝန်ထမ်းများ စုစုပေါင်း ၁၀၆ ဦး တက်ရောက်ကြပြီး ဒီဇင်ဘာ ၁ ရက်မှစတင်ကာ ရပ်ကွက် ၁၃ ခုနှင့် ကျေးရွာ ၁၀၀ ကို ကွင်းဆင်းကောက်ယူမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



# ဝါးခယ်မမြို့နယ်၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေး

ဝါးခယ်မ စက်တင်ဘာ ၃၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် မရမ်းချောင်ကျေးရွာ(အမက)၌ ယနေ့နံနက်ပိုင်းက လူမှုစီးပွားဘဝမြှင့်တင်ရေး (သက်တန့်ရောင်) စီမံကိန်းဆောင်ရွက်နေသော စပါးစိုက်ပျိုးသည့် ဒေသခံတောင်သူများနှင့် တွေ့ဆုံ ဆွေးနွေးသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် မရမ်းချောင်ကျေးရွာ တောင်သူများ၏ စပါးစိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှုကာ သမဝါယမစနစ်ကိုအခြေခံပြီး စုပေါင်းဆောင်ရွက်သည့်စနစ်ကြောင့် ရရှိလာသောအကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**တူးတူးလွင်(သမ)**



# ကြို့ပင်ကောက်မြို့၌ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေး ရေနုတ်မြောင်းများ တူးဖော်

ကြို့ပင်ကောက် စက်တင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်၌ မြို့ပေါ်ရပ်ကွက်များ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး အတွက် မြောက်မြို့ပတ်လမ်းတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စက်ယန္တရားများဖြင့် ရေနုတ်မြောင်းတူးဖော်ဆောင်ရွက်ခြင်းကို စက်တင်ဘာ ၂၉ ရက်တွင် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါရေနုတ်မြောင်းတူးဖော်ခြင်းကို မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်မိုးလွင်နှင့် ဝန်ထမ်းများ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။



**ဇေယျာထွန်း(ကြို့ပင်ကောက်)**



# ကံမမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

ကံမ စက်တင်ဘာ ၃၀

ကံမမြို့နယ်အတွင်း မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် ကံမမြို့ပေါ်ရပ်ကွက်များနှင့် ဧရာဝတီမြစ်ကမ်းအနီးနေထိုင်သူများအား သဘာဝဘေးအန္တရာယ်နှင့် မြစ်ရေမြင့်တက်မှုအန္တရာယ်၊ လေမုန်တိုင်းအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင် များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ကောင်းစစ်နိုင်**

# အကြမ်းဖက်အဖွဲ့များအား ထောက်ပံ့နိုင်ရန်ရည်ရွယ်၍ တရားခံပြေး သင်းသင်းနွယ်နှင့်အတူ တရားမဝင်အလှကုန်ပစ္စည်းများနှင့် ကျောက်မျက်ရတနာပစ္စည်းများရောင်းချရာတွင် ကူညီဆောင်ရွက်ပေးသူများအား ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသော်လည်း NUG၊ PDF အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား ပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် အဆောက်အအုံများနှင့် လမ်း၊ တံတားများအား မီးရှို့ဖျက်ဆီးခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်လျက်ရှိရာ အချို့အကြမ်းဖက်အားပေးအဖွဲ့များနှင့် ပြည်ပြေးများအနေဖြင့် လူမှုကွန်ရက်မှတစ်ဆင့် တရားမဝင်စီးပွားရေးလုပ်ငန်းများလုပ်ကိုင်၍ ဝင်ငွေရှာဖွေကာ အကြမ်းဖက်အဖွဲ့များ သက်ဆိုးရှည်စေရေးအတွက် အားပေး ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း တွေ့ရှိရသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် ဆူပူအုံကြွမှုများဖြစ်ပေါ်စေရန် လူမှုကွန်ရက်မှတစ်ဆင့် Post တင်ရေးသားခဲ့ခြင်းတို့ကြောင့်ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်လှစ်ခံခဲ့ရပြီး ပြည်ပသို့ ထွက်ပြေးတိမ်းရှောင် လျက်ရှိသည့် တရားခံပြေး သင်းသင်းနွယ်သည် လူမှုကွန်ရက်အသုံးပြု၍ ရွှေနဒီ & Inca Pure အမှတ်တံဆိပ် အလှကုန်ပစ္စည်းများနှင့် Shwe Nadi Jewelry အမှတ်တံဆိပ် ကျောက်မျက်ရတနာများ ရောင်းချ၍ NUG အကြမ်းဖက်အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များအား အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နိုင်ရန် ထောက်ပံ့ပေးလျက်ရှိကြောင်းနှင့် ထိုသို့ တရားမဝင်ကုန်ပစ္စည်းများရောင်းချနိုင်ရန် ပြည်တွင်း၌ နေထိုင်သူအချို့က ဝယ်ယူရောင်းချခြင်းလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်များအရ သိရှိရသည်။


တရားခံပြေး
သင်းသင်းနွယ်


ဖမ်းဆီးရမိတရားခံ
လင်းမင်းအောင်


ဖမ်းဆီးရမိတရားခံ
နေလင်းဦး


ဖမ်းဆီးရမိတရားခံ
ဆိုဖီသင်း


ဖမ်းဆီးရမိတရားခံ
အိအိသူ

အဆိုပါ တရားခံပြေး သင်းသင်းနွယ်၏ တရားမဝင်အလှကုန်ပစ္စည်းများနှင့် တရားမဝင် ရတနာပစ္စည်းများရောင်းချရာတွင် ကူညီဆောင်ရွက်ပေးသူများအား ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၁ ရက်တွင် တရားမဝင်အလှကုန်ပစ္စည်းများ ရောင်းချနိုင်ရန် ကူညီဆောင်ရွက်ပေးသူ လင်းမင်းအောင်အား ပြည်မြို့ရှိ ၎င်း၏နေအိမ်၌လည်းကောင်း၊ စက်တင်ဘာ ၂၄ ရက်တွင် တရားမဝင် ကျောက်မျက်ရတနာများ ရောင်းချနိုင်ရန် ကူညီဆောင်ရွက်ပေးသူ နေလင်းဦးနှင့် တရားခံပြေး သင်းသင်းနွယ်၏ ညီမဖြစ်သူ ဆိုဖီသင်းတို့ နှစ်ဦးအား သဃ်န်းကျွန်းမြို့နယ် ၎င်းတို့၏နေအိမ်၌ လည်းကောင်း၊ တရားမဝင် ငွေကြေးလွှဲပြောင်းရာတွင် ကူညီဆောင်ရွက်ပေးသူ အိအိသူအား ဒေါပုံမြို့နယ် ၎င်း၏နေအိမ်၌ လည်းကောင်း စုစုပေါင်း တရားခံ လေးဦးအား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများအား စိစစ် ဖော်ထုတ်ချက်များအရ လင်းမင်းအောင်၊ နေလင်းဦးနှင့် ဆိုဖီသင်းတို့သည် ရွှေနဒီ& Inca Pure အလှကုန်နှင့် တရားမဝင် ကျောက်မျက်ရတနာ ရောင်းချခြင်းလုပ်ငန်းအား တရားခံပြေး သင်းသင်းနွယ်နှင့် အကျိုးတူပူးပေါင်း၍ လူမှုကွန်ရက်မှတစ်ဆင့် လုပ်ကိုင်လျက်ရှိကြောင်း၊ ထို့ပြင် အိအိသူသည် အဆိုပါ ကျောက်မျက်ရတနာ ရောင်းချခြင်းလုပ်ငန်းတွင် ၎င်း၏အမည်ဖြင့် ဖွင့်လှစ်ထားသည့် Mobile Payments အကောင့်များဖြင့် အခကြေးငွေရယူ၍ ငွေလွှဲလက်ခံရယူခြင်းနှင့် အခြားအကောင့်များသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ ပြုလုပ်နိုင်ရန် ကြားခံအဖြစ် တရားခံပြေး သင်းသင်းနွယ်အား ကူညီဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသဖြင့် ၎င်းတို့ လေးဦးအား တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မိဘပြည်သူများ အနေဖြင့် အကြမ်းဖက်အဖွဲ့များအား အားပေးကူညီထောက်ပံ့ရန် ရည်ရွယ်၍ တရားမဝင် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသူများ၊ ဝယ်ယူအားပေးသူများ၊ ထိုသို့ ဆောင်ရွက်နိုင်ရန် နည်းလမ်းတစ်ခုခုဖြင့် ကူညီဆောင်ရွက်ပေးသူများအား သိရှိပါက သက်ဆိုင်ရာ လုံခြုံရေး တပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ကြောင်းနှင့် အကြမ်းဖက်အဖွဲ့များအား ကူညီထောက်ပံ့မှုများပြုလုပ်နိုင်ရန်ရည်ရွယ်၍ လူမှုကွန်ရက်မှတစ်ဆင့် တရားမဝင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသူများနှင့် ကူညီဆောင်ရွက်ပေးသူများအား ဆက်လက်ဖော်ထုတ်၍ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

## အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများ ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိပြီး အင်ဒိုနီးရှားနိုင်ငံသားတစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံတော်အစိုးရ အနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင်ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် အင်ဒိုနီးရှားနိုင်ငံသားတစ်ဦးအား ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း




ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၈၂ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၅၇၈ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၇၀၄ ဦးအား သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ဗဟန်းမြို့နယ်သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ စည်းဝေး

**ရန်ကုန် စက်တင်ဘာ ၃၀**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသမဝါယမဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ဗဟန်း မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် သမဝါယမအသင်းစုလီမိတက်၏အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာ၊ဘဏ္ဍာရေးရှင်းတမ်းများကို သဘာပတိကတက်ရောက်လာကြသော ကိုယ်စားလှယ်များထံ အတည်ပြုရယူခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဖွဲ့စည်းရေးကော်မတီမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းအေးက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အမှုဆောင်သစ်များရွေးချယ်တင်မြှောက်ပြီး အသင်းဝင်အခြေခံအသင်းများအား အစုပေါ်အမြတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်( သ/မ)



# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ - ၁၉ (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ ကရင်ပြည်နယ်အသင်းက ပထမဆုနှင့် အမျိုးသမီးတံခွန်စိုက်ဆုဖလား ဆွတ်ခူးရရှိ

ရန်ကုန် စက်တင်ဘာ ၃၀

၂၀၂၆ ခုနှစ်တိုင်းဒေသကြီးနှင့်ပြည်နယ် ယူ - ၁၉ (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးငွေအောင်တို့နှင့်အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးသည်။




တိုင်းဒေသကြီးနှင့်ပြည်နယ် ယူ - ၁၉ (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် ကရင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပိုင်း ၁၂ မိနစ်တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ အားကစားသမားက အပြန်အလှန်ခုခံကာကွယ်ရင်း နောက်တန်းအားကစားသမား၏ မတော်တဆမှားယွင်းမှုကြောင့် မိမိဂိုးအားဝင်သွားသည့်အတွက် တစ်ဖက်အသင်းအားဂိုးပေးလိုက်ရပြီး ကရင်ပြည်နယ်အသင်းမှ ပထမဂိုးကို လည်းကောင်း၊ ၃၁ မိနစ်တွင် ကရင်ပြည်နယ်အသင်းမှ ကျောနံပါတ် (၇)နော်ကော်ကပြုးစေးက ဒုတိယဂိုးကိုလည်းကောင်း၊ ၃၈ မိနစ်တွင် ကရင်ပြည်နယ်အသင်းမှကျောနံပါတ် (၁၈)နန်းမိုးပွင့်အေးချိုက တတိယဂိုးကိုလည်းကောင်း သွင်းယူနိုင်ခဲ့ပြီး ဒုတိယပိုင်းပြီးဆုံးချိန်အထိ နှစ်သင်းစလုံး ဂိုးထပ်မံသွင်းယူနိုင်ခဲ့ခြင်းမရှိသည့်အတွက် ပြိုင်ပွဲပြီးဆုံးချိန်တွင် ကရင်ပြည်နယ်အသင်းက သုံးဂိုး - ဂိုးမရှိဖြင့် အပြတ်အသတ် အနိုင်ရရှိခဲ့သည်။

**ပေးအပ်ချီးမြှင့်**

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အကောင်းဆုံး ဂိုးသမားဆုရရှိသည့် ကရင်ပြည်နယ်အသင်းမှ ကျောနံပါတ် (၁၈) နန်းယမင်းအေးအား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးက လည်းကောင်း၊ အကောင်းဆုံး နောက်တန်းအားကစားသမားဆုရရှိသည့်မွန်ပြည်နယ်အသင်းမှ ကျောနံပါတ် (၁၂ )ဆွေစင်ဖြိုးအား ကရင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတင်မောင်လှိုင်က လည်းကောင်း၊ အကောင်းဆုံးအလယ်တန်းအားကစားသမားဆုရရှိသည့် ကရင်ပြည်နယ်အသင်းမှ ကျောနံပါတ်(၁၅) နန်းမိုးပွင့်အေးချိုအား ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမျိုးမြင့်အောင်ကလည်းကောင်း၊ အကောင်းဆုံး ရှေ့တန်းအားကစားသမားဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကျောနံပါတ်(၁၇) အေးချမ်းသူအား ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ငွေးကလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရရှိသည့် ကရင်ပြည်နယ်အသင်းမှ ကျောနံပါတ်(၇) နော်ကော်ကပြုးစေးအား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးက လည်းကောင်း တစ်ဦးချင်း အကောင်းဆုံး ဆုတံဆိပ် Trophy များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ စတုတ္ထဆုရရှိသည့် ရှမ်းပြည်နယ်အသင်းအား ငွေသားဆုကျပ်သိန်း ၂၀ ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က လည်းကောင်း၊ တတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကျပ်သိန်း ၃၀ ကို မြန်မာနိုင်ငံအမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသစ်လင်းအုန်းက လည်းကောင်း၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကျပ်သိန်း ၅၀ ကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်က လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက တိုင်းဒေသကြီးနှင့်ပြည်နယ် ယူ - ၁၉ (အမျိုးသမီး) ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော ကရင်ပြည်နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ - ၁၉ (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ပထမဆုရရှိသည့် ကရင်ပြည်နယ်အသင်းအား ငွေသားဆု ကျပ်သိန်း ၁၀၀ နှင့် အမျိုးသမီးတံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

*** ကျောဖုံးမှ**

မြန်မာအသင်းနှင့် အိန္ဒိယအသင်းသည် မတ်လဆန်းကလည်း ရန်ကုန်မြို့တွင် ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ပြီး အိန္ဒိယအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေကျခဲ့သည်။

အာရှဖလား ယူ-၁၇ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာယူ-၁၇ အသင်းကိုပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ မြန်မာဘောလုံးအကယ်ဒမီများမှ ပဏာမကစားသမား ၂၉ ဦးဖြင့် ဖွဲ့စည်းထားပြီး ဂျပန်လူမျိုး နည်းပြချုပ် ကိုင်ဆူကီက တာဝန်ယူကိုင်တွယ်လျက်ရှိသည်။ ထို့ပြင် ကစားသမားများ အတွေ့အကြုံရစေရန် ပြည်တွင်းလိဂ်ဖြစ်သော M-League ယူ-၂၀ လိဂ်ပြိုင်ပွဲတွင် Galaxy အသင်းအမည်ဖြင့် ယှဉ်ပြိုင်လျက်ရှိသည်။ မြန်မာ ယူ-၁၇ အသင်းတွင် ပဏာမကစားသမားများအဖြစ် ဂိုးသမား- အောင်ဘုန်းမြတ် (မန္တလေးတိုင်း ဒေသကြီး)၊ လင်းလက်ထွန်း (Falcon FC)၊ ရောဘတ်၊ စောအောင်ကျော်ဖြိုး (ကရင်ပြည်နယ်)၊ နောက်တန်း-ကြည်သာ (အမျိုးသားဘောလုံးအကယ်ဒမီ-ရန်ကုန်)၊ ဟိန်းသန့်ချစ်ခင် (အမျိုးသားဘောလုံးအကယ်ဒမီ-ရန်ကုန်)၊ မျိုးဇော်လွင် (မန္တလေးတိုင်းဒေသကြီး)၊ မြတ်သူမောင် (အမျိုးသားဘောလုံးအကယ်ဒမီ-ရန်ကုန်)၊ မြင့်မြတ်အောင် (အမျိုးသားဘောလုံးအကယ်ဒမီ-ရန်ကုန်)၊ လမင်းထိန် (မြန်မာဘောလုံးအကယ်ဒမီ-မန္တလေး)၊ ဇင်မင်းမြတ်သူ (အမျိုးသားဘောလုံးအကယ်ဒမီ-ရန်ကုန်)၊ မြတ်မင်းသူ (မြန်မာဘောလုံး အကယ်ဒမီ - မန္တလေး)၊ ခွန်စိုင်းကြယ်စင် (ရှမ်းပြည်နယ်)၊ မိုးကောင်းခန့် (မြန်မာဘောလုံး အကယ်ဒမီ - မန္တလေး)၊ အလယ်တန်း - ခွန်ဝေဖြိုး (အမျိုးသား ဘောလုံးအကယ်ဒမီ - ရန်ကုန်)၊ သန်းထိုက်အောင် (အမျိုးသားဘောလုံး အကယ်ဒမီ - ရန်ကုန်)၊ ခွန်ထွန်းဝေ (မြန်မာဘောလုံး အကယ်ဒမီ - မန္တလေး)၊ သူရမောင် (စစ်ကိုင်းတိုင်းဒေသကြီး)၊ နေယံထွဋ် (အမျိုးသားဘောလုံး အကယ်ဒမီ - ရန်ကုန်)၊ ပရင့်စ်ဒိုဒိုထန် (ရန်ကုန်တိုင်းဒေသကြီး)၊ သန့်ဇင်အောင် (မြန်မာဘောလုံး အကယ်ဒမီ - မန္တလေး)၊ သူရဟိန်းထက် (အမျိုးသားဘောလုံးအကယ်ဒမီ - ရန်ကုန်)၊ စောဂျိမ်း (ရန်ကုန်တိုင်းဒေသကြီး)၊ အောင်မြတ်သာ (မြန်မာဘောလုံး အကယ်ဒမီ - မန္တလေး)၊ ရှေ့တန်း - ပိုင်ဇေထွန်း၊ ဖုန်းအောင်ရဲရင့်၊ ကောင်းခန့်လင်း (အမျိုးသားဘောလုံးအကယ်ဒမီ - ရန်ကုန်)၊ စိုင်းမင်းအောင် (မြန်မာဘောလုံး အကယ်ဒမီ - မန္တလေး)၊ သက်နိုင်ဦး (ရန်ကုန်စီးတီး) တို့ ပါဝင်ကြသည်။

၂၀၂၇ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(A)၌ အင်ဒိုနီးရှား၊ အာဖဂန်နစ္စတန်၊ ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယားအသင်းတို့နှင့် ကျရောက်နေပြီး ယင်းပွဲစဉ်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ အိန္ဒိယအသင်းမှာမူ အုပ်စု (E) တွင် မလေးရှား၊ ပါလက်စတိုင်း၊ စင်ကာပူနှင့် ဂူအမ်အသင်းတို့နှင့် ကျရောက်နေသည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်သော်**

---

## ကျိုက်ထိုမြို့နယ်၌ မြို့နယ်ပညာရေးမှူး(ဖလား) အသက်(၁၄)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ကျိုက်ထို စက်တင်ဘာ ၃၀

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျိုက်ထိုမြို့နယ် ပညာရေးမိသားစု၊ မြို့မိမြို့ဖများနှင့် မြို့နယ်ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော မြို့နယ်ပညာရေးမှူး (ဖလား)၊ အသက်(၁၄)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းက အောင်ဆန်းအားကစားကွင်း၌ ကျင်းပသည်။



ဦးစွာ နောက်ဆုံးဗိုလ်လုပွဲအဖြစ် အထက (၂)ဘောလုံးအသင်းနှင့် အထက (ကင်မွန်းချောင်း) ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အထက(၂) ဘောလုံးအသင်းက အထက (ကင်မွန်းချောင်း) ဘောလုံးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ အခမ်းအနားကို ကျင်းပရာ ကျိုက်ထိုခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်က ပထမဆုရရှိသည့် အထက (၂) ဘောလုံးအသင်းအား ဂုဏ်ပြုဆုဖလားနှင့် ဆုတံဆိပ်တို့ကို ချီးမြှင့်ပေးခဲ့ပြီး ဒုတိယဆု၊ တတိယဆုနှင့် နေရာအလိုက် အကောင်းဆုံး အားကစားသမားဆုများကို တာဝန်ရှိသူများက ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုး(ပြန်/ဆက်)**

---



## ပခုက္ကူမြို့နယ်၌ ကိုယ်ပိုင်ကျောင်းပေါင်းစုံ ဘောလုံးအားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ပခုက္ကူ စက်တင်ဘာ ၃၀

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ကိုယ်ပိုင်ကျောင်းပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ခရိုင်အားကစားကွင်း၌ ပြုလုပ်သည်။

ဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် အမေ့အိမ်နှင့် ရာပြည့်စံကိုယ်ပိုင်ကျောင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပင်နယ်တီအဆုံးအဖြတ်ဖြင့် အမေ့အိမ်ကိုယ်ပိုင်ကျောင်းက အနိုင်ရဗိုလ်စွဲသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းနိုင်စိုး၊ မြို့နယ်ဘောလုံးအဖွဲ့ချုပ်နာယက၊ ကိုယ်ပိုင်ကျောင်းများမှတာဝန်ရှိသူများက တံခွန်စိုက်(ပထမ)ဆု၊ ဒုတိယဆုနှင့်တတိယဆုများ၊ အသန့်ရှင်းဆုံးဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု၊ နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုများ၊ တစ်ဦးချင်းလည်ဆွဲဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ်(၁၀/၂၀၂၆)ထုတ်ပြန်

၁။ လူသားတို့၏ ပျမ်းမျှသက်တမ်းမြင့်တက်လာခြင်းနှင့်အတူ တစ်နှစ်ထက်တစ်နှစ် အရေအတွက် တိုးပွားလျက်ရှိသည့် သက်ကြီးပုဂ္ဂိုလ်များအား အသိအမှတ်ပြုသည့်အနေဖြင့် ကုလသမဂ္ဂက နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးနှင့်သက်ဆိုင်သော အခြေခံမူများ ချမှတ်ခဲ့ပါသည်။

၂။ ယင်းအခြေခံမူများနှင့်အညီ သက်ကြီးပုဂ္ဂိုလ်များ၏ လွတ်လပ်စွာ ရပ်တည်ဆုံးဖြတ်ချက်ချနိုင်ခွင့်၊ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်ခွင့်၊ ပြုစုစောင့်ရှောက်မှု ခံယူပိုင်ခွင့်၊ မိမိစွမ်းရည်ကို အပြည့်အဝဖော်ထုတ်နိုင်ရန် အခွင့်အလမ်းများရရှိခွင့်နှင့် ခွဲခြားဆက်ဆံခံရခြင်း ကင်းဝေးပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ခွင့်တို့ကို မြှင့်တင်ကာကွယ်ပေးခြင်းဖြင့် သက်ကြီးပုဂ္ဂိုလ်များ၏ ဘဝအရည်အသွေးကို မြင့်မားစေသည့်အပြင် ၎င်းတို့၏ စွမ်းဆောင်ရည်နှင့် အတွေ့အကြုံများက လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် အဖိုးအနဂ္ဃထိုက်တန်သော အကျိုးကျေးဇူးများ ဖြစ်ထွန်းလာစေမည် ဖြစ်ပါသည်။

၃။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် သက်ကြီးပုဂ္ဂိုလ်များသည် အခြားသူများနည်းတူ အသက်ရှင်သန်ခွင့်၊ လုံလောက်သည့် လူနေမှုအဆင့်အတန်းအတွက် လူမှုအထောက်အပံ့များ ရရှိခွင့်နှင့် ဘဝလုံခြုံမှုရရှိခွင့်တို့ကို ဖော်ပြထားပါသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၁၂ ရာခိုင်နှုန်းမှာ သက်ကြီးပုဂ္ဂိုလ်များဖြစ်ရာ ၎င်းတို့၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းပြီး မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင်လည်း လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာ ကော်မတီတို့ကို ဖွဲ့စည်းကာ သက်ကြီးပုဂ္ဂိုလ်များဘဝ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေး အလေးထား ကူညီဆောင်ရွက်လျက်ရှိပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် သက်ကြီးပုဂ္ဂိုလ်များ၏ လူသားဂုဏ်သိက္ခာကို အသိအမှတ်ပြုကာ ၎င်းတို့၏အခွင့်အရေးများ မြှင့်တင်ကာကွယ်ရေးအတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ သက်ကြီးပုဂ္ဂိုလ်များ ပြုစုစောင့်ရှောက်ရေးသင်တန်းများတွင် သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာ အခွင့်အရေးများ ထည့်သွင်းဆွေးနွေးပို့ချခြင်းနှင့် ဘိုးဘွားရိပ်သာများတွင် အခြေခံလူ့အခွင့်အရေးများဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှု၊ အစာအာဟာရနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ပေးမှု၊ မိသားစု၊ မိတ်ဆွေများနှင့် တွေ့ဆုံနိုင်ရေးစီစဉ်ပေးမှု စသည်တို့အပေါ် သွားရောက်ကြည့်ရှု၍ သက်ကြီးပုဂ္ဂိုလ်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး သက်ဆိုင်ရာသို့ အကြံပြုခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

၅။ ယနေ့ကျရောက်သော အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ (International Day of Older Persons) အတွက် ကုလသမဂ္ဂ၏ ဆောင်ပုဒ်မှာ **“The Age of Longevity: Rethinking Systems for Longer Lives” (သက်ရှည်ကျန်းမာခေတ်သစ်ဆီ စနစ်သစ်များဖြင့် လျှောက်လှမ်းမည်)**ဖြစ်သည်နှင့်အညီ ကမ္ဘာပေါ်ရှိသက်ကြီးပုဂ္ဂိုလ်အားလုံး ဂုဏ်သိက္ခာရှိစွာဖြင့် သက်ရှည်ကျန်းမာနေပျော်သည့် ပတ်ဝန်းကျင် ဖြစ်ပေါ်လာစေရေးအတွက် သမားရိုးကျ ဘဝနေထိုင်မှုလမ်းကြောင်းများမှသည် ဘဝနေနည်းပုံစံသစ်များ ဖော်ဆောင်ရန်နှင့် ကမ္ဘာ့လူနေမှုစနစ်များကို ပြန်လည်ဆန်းစစ်ရန် နိုင်ငံအသီးသီးနှင့် လူ့အဖွဲ့အစည်းအားလုံးက အလေးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်**

## ရွှေပြည်သာမြို့နယ်၌ စွမ်းရည်မြှင့်သင်တန်းဖွင့်

**ရွှေပြည်သာ စက်တင်ဘာ ၃၀**

အလုပ်သမား ဝန်ကြီးဌာန အလုပ်သမားရေးရာဆက်ဆံရေး ဦးစီးဌာနမှ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေး ကော်မတီ (WCC)အဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်သင်တန်းကို ယနေ့နံနက်ပိုင်းက ရွှေပြည်သာမြို့နယ် သာစုကန်စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ရုံးခန်းမ၌ ကျင်းပရာ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက အမှာစကား ပြောကြားသည်။



သင်တန်းတွင် အလုပ်သမားရေးရာ ဥပဒေများ၊ ဥပဒေပါအကျိုးခံစားခွင့်များ၊ ကျန်းမာရေးစောင့်ရှောက်မှုများ၊ လုပ်ငန်းခွင်အတွင်း ဖြစ်ပွားသော အငြင်းပွားမှုများ၊ သဘောထားကွဲလွဲမှုများ လျှော့နည်းကာ လုပ်ငန်းခွင်အေးချမ်းသာယာပြီး ကုန်ထုတ်စွမ်းအား မြင့်မားစေရန်အတွက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအဖွဲ့ရုံးတို့က စည်းကြပ်လျက်ရှိသည့် ဥပဒေ၊ နည်းဥပဒေများကို မြို့နယ်တာဝန်ခံများက ရှင်းလင်းဆွေးနွေးခြင်း၊ WCC အဖွဲ့ဝင်များ လိုက်နာ ဆောင်ရွက်သင့်သည့် ဆောင်ရန်၊ ရှောင်ရန်အချက်များ ဆွေးနွေးပို့ချခြင်း၊ အငြင်းပွားမှုများကို လက်တွေ့သရုပ်ပြ ဆွေးနွေးခြင်းများ ပြုလုပ်သည်။

**ပေးအပ်**

အဆိုပါ သင်တန်းတွင် စက်ရုံ၊ အလုပ်ရုံ ၂၈ ရုံမှ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေး ကော်မတီ (WCC) အဖွဲ့ဝင် သင်တန်းသားသင်တန်းသူ ၆၁ ဦး တက်ရောက်ခဲ့ရာ သင်တန်းအောင်မြင်စွာ ပြီးမြောက်၍ သင်တန်းဆင်းလက်မှတ်ပေးအပ်ခဲ့သည်။

**နေမျိုးထွန်း(ပြန်/ဆက်)**



## သထုံမြို့နယ်၌ ဟင်းသီးဟင်းရွက်မျိုးစေ့၊ ပျိုးပင်နှင့် မြေသြဇာများ ပေးအပ်

**သထုံ စက်တင်ဘာ ၃၀**

မွန်ပြည်နယ် သထုံမြို့နယ် ထောင်မှူးကျေးရွာနှင့် မြေနီကုန်းကျေးရွာတို့ရှိ Home Garden စိုက်ပျိုးမည့် အိမ်ထောင်စုများအား ဟင်းသီးဟင်းရွက်မျိုးစေ့၊ ပျိုးပင်နှင့် မြေသြဇာများ ပေးအပ်ခြင်းနှင့် အိမ်ခြံဝင်းဥယျာဉ်ခြံ စနစ်တကျစိုက်ပျိုးနိုင်ရေး နည်းပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၂၉ ရက်က သထုံခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးက အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက Home Garden စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးကာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူတို့က ထောင်မှူးကျေးရွာနှင့် မြေနီကုန်းကျေးရွာရှိ အိမ်ထောင်စုများထံ ဟင်းသီးဟင်းရွက်မျိုးစေ့၊ ပျိုးပင်နှင့် မြေသြဇာများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ဝမ်းတွင်းမြို့နယ်၌ ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးသင်တန်းဆင်းပွဲ ပြုလုပ်

**ဝမ်းတွင်း စက်တင်ဘာ ၃၀**

ဝမ်းတွင်းမြို့နယ် ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ ရွှေတောင်၌ ဝါစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၇ ရက်က ပြုလုပ်သည်။

သင်တန်းဆင်းပွဲတွင် မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်မျိုးဝေက သင်တန်းဆင်း အမှာစကားပြောကြားပြီး မိမိတို့သက်ဆိုင်ရာ မြို့နယ်များတွင် ဝါသီးနှံပန်းတိုင်ရရှိရေး၊ မျိုးကောင်းမျိုးသန့် စနစ်တကျထုတ်လုပ်နိုင်ရေးဝန်ထမ်းလေ့ကျင့်ရေး သင်တန်းနှင့် တောင်သူပညာပေးသင်တန်းများ ကျယ်ကျယ်ပြန့်ပြန့် လက်ဆင့်ကမ်းဆောင်ရွက်သွားရေး မှာကြားသည်။

ဆက်လက်၍ သင်တန်းမှ ထူးချွန်ဝန်ထမ်းများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သဲကုန်းမြို့နယ်၌ တီရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**သဲကုန်း စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။

ဦးစွာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကား ပြောကြားခဲ့ပြီး သင်တန်းတွင် သဲကုန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာအိမ့်မျက်ခြယ်မောင်က မြေပြင်တိရစ္ဆာန်ကောင်ရေစာရင်း ရရှိနိုင်ရန်နှင့် ကောက်ယူမည့် မေးခွန်းလွှာပုံစံများကို အပိုင်းငါးပိုင်းဖြင့် တိရစ္ဆာန်ကျန်းမာရေး လုပ်သားများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်း စုစုပေါင်းသင်တန်းသား သင်တန်းသူ ၁၀၆ ဦးအား ရှင်းလင်းသင်ကြားပို့ချကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## တောင်ဥက္ကလာပမြို့နယ် သမဝါယမအသင်းစု နှစ်ပတ်လည် အစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် သမဝါယမအသင်းစု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက အမှတ်(၉)ရပ်ကွက် လူထုဓမ္မာရုံ၌ ကျင်းပသည်။

အစည်းအဝေးတွင် တောင်ဥက္ကလာပမြို့နယ် သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးသာအောင်ဌေးက အသင်း၏လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး အမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းဝင်များက သဘောတူကြသဖြင့် အတည်ပြုပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးသူမြင့်က အသင်းများအား အကျိုးအမြတ်ခွဲဝေငွေကျပ် ၅၂ သိန်းကို ပေးအပ်ပြီး ဒါရိုက်တာအဖွဲ့ဝင်သစ်များ ရွေးချယ်ခြင်း၊ တာဝန်ခွဲဝေခြင်းနှင့် ကတိသစ္စာခံယူခြင်းတို့ကို ဒုတိယတိုင်းဦးစီးမှူး ရှေ့မှောက်၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခင်ဆွေနှင်း(ပြန်/ဆက်)**

# (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကိုကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက် မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၁၅၀,၀၀၀ ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ ကျပ် |

၁၄။ ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၁၅၀,၀၀၀ ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ ကျပ် |

၁၆။ ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၃၀၀,၀၀၀ ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀,၀၀၀ ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀,၀၀၀ ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀,၀၀၀ ကျပ် |

၁၈။ ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရအရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၀၁၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ ကင်းလွတ်ခွင့်ရသူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ – ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်–**

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာတင်ပြနိုင်သူများ။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ**

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင် ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ ယာယီရွှေ့ဆိုင်းနိုင်သူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ – ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် –**

၁။ ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ**

၂။ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ လျှော့ပေါ့ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ**

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# အနောက်တိုင်းဆေးရောနှောပြီး စံမညီတိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းတွေ့ရှိရသော ကျားရိုင်းအမှတ်တံဆိပ် အကြောအားတိုးဆေး(ဆေးမှုန့်/ဆေးထုပ်)၊ ဂုဏ်မာန်တစ်ထောင် အမှတ်တံဆိပ် ရွှေသက်စောင့်အားတိုးဆေး (ဆေးပြား/ဆေးဘူး)တို့သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် ရရှိထားသော်လည်း ဈေးကွက်တွင် တိုင်းရင်းဆေးဝါးမှတ်ပုံတင်စဉ်က ဖော်ပြထားသော ဆေးဖုံ၊ ဖော်စပ်နည်းနှင့် အညီမဟုတ်ဘဲ ဖော်စပ်ထားသော တိုင်းရင်းဆေးဝါး (စံမညီတိုင်းရင်းဆေးဝါး)ဖြစ်ခြင်း၊ သတ်မှတ်ချက် (၁၀)ချက် ပြည့်စုံမှန်ကန်မှုမရှိခြင်းနှင့် ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေးများ ရောနှောပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၃။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းတွေ့ရှိရသော ကြာပန်းကြီးအမှတ်တံဆိပ်အမျိုးသားအားတိုးဆေး(ဆေးမှုန့်/ဆေးထုပ်)၊ 333 အမှတ်တံဆိပ် အမျိုးသားအားတိုးဆေး (ဆေးမှုန့်/ ဆေးထုပ်)နှင့် နေကြာပန်းအမှတ်တံဆိပ် အကြောအားတိုးဆေး (ဆေးမှုန့်/ဆေးထုပ်)တို့သည် တိုင်းရင်းဆေးဝါး မှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင် ခွင့်ပြုထားမှုမရှိခြင်း၊ ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေးများ ရောနှောပါဝင်နေခြင်း၊ တောင်တန်းအမှတ်တံဆိပ် အမျိုးသားအားတိုးဆေး(ဆေးမှုန့်/ဆေးထုပ်) သည် အခြားဆေး၏ တိုင်းရင်းဆေးဝါးမှတ်ပုံတင် အမှတ်ကို ထည့်သွင်းအသုံးပြုထားခြင်း၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင် ခွင့်ပြုထားမှုမရှိခြင်း၊ ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေးများ ရောနှောပါဝင်နေခြင်းတို့ကို စစ်ဆေးတွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ အဆိုပါတိုင်းရင်းဆေးဝါးများသည် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုပ်ပိုးခွံပေါ်တွင် ဖော်ပြထားသည့်အမှတ် | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
|---|---|---|---|---|---|---|
| ၁။ | ကျားရိုင်း | အကြောအားတိုးဆေး | ဆေးမှုန့် ဆေးထုပ် | TMR–016767 (0228) | အမှတ် ၁၃၈/ခ၊ မြတ်ဝတ်ရည်လမ်း၊ ၁၀ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉၇၅၇၅၇၁၅၁ (Viber) | Sildenafil |
| ၂။ | ဂုဏ်မာန်တစ်ထောင် | ရွှေသက်စောင့်အားတိုးဆေး | ဆေးပြား ဆေးဘူး | TMR–011593 (1221) | အမှတ် ၁၆၅၊ ဗညားဒလလမ်းမကြီး၊ 119 စတိုးနှင့် မျက်နှာချင်းဆိုင်၊ ယုဇနပလာဇာအနီး၊ တာမွေ မြို့နယ်၊ ရန်ကုန်မြို့။ | Sildenafil |
| ၃။ | ကြာပန်းကြီး | အမျိုးသားအားတိုးဆေး | ဆေးမှုန့် ဆေးထုပ် | ဖော်ပြထားခြင်း မရှိပါ | ဆရာကြီး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း– 09400800324၊ 09–777788244 | Sildenafil |
| ၄။ | 333 | အမျိုးသားအားတိုးဆေး | ဆေးမှုန့် ဆေးထုပ် | ဖော်ပြထားခြင်း မရှိပါ | 333 တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးအမှတ် ၃၅၇၊ ထွန်းရွှေဝါ ၃လမ်း၊ ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉ ၄၃၁၀၉၉၂၀၊ ၀၉၂၅၀၁၉၀၉၅၀ | Sildenafil |
| ၅။ | နေကြာပန်း | အကြောအားတိုးဆေး | ဆေးမှုန့် ဆေးထုပ် | TMR–153176(029) | နေကြာပန်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ စက်မှုဇုန်။ Ph–09 785 020 413 | Sildenafil |
| ၆။ | တောင်တန်း | အမျိုးသားအားတိုးဆေး | ဆေးမှုန့် ဆေးထုပ် | TMR–016 606 (0228) | ဘဝရှင် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး Ph 09–766 707 808၊ 09–989 961 729 | Sildenafil |




Sildenafil ရောနှောသည့် ဆေးနမူနာများကို တွေ့ရစဉ်။

၅။ တိုင်းရင်းဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## တောင်ငူမြို့၌ တိရစ္ဆာန်ကောင်ရေစာရင်းကောက်သင်တန်းဖွင့်

**တောင်ငူ စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နတ်သျှင်နောင်ခန်းမ၌ ၂၀၂၄ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းဆိုင်ရာ စာရင်းကောက် သင်တန်းကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။



ထိုသို့ကျင်းပရာတွင် တောင်ငူခရိုင် အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရခြင်းနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းတွင် တောင်ငူမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ စုစုပေါင်း ၁၂၈ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## လက်ပံတန်း၌ မြို့သန့်ရှင်းသာယာရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်

**လက်ပံတန်း စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ မြို့သန့်ရှင်းသာယာရေးနှင့် ရေနုတ်မြောင်းများတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၈ ရက် ညနေပိုင်းတွင် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။



အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် လက်ပံတန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက မြို့မရပ်ကွက် မိုးအိုင်–တာဆိပ်လမ်းပိုင်း ရေနုတ်မြောင်းများတူးဖော်ခြင်း၊ အမှိုက်များရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ၂၀၂၆ ခုနှစ် စက်တင်ဘာလအတွင်း (၁-၉-၂၀၂၆ ရက်နေ့မှ ၃၀-၉-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ် နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၄ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၅ | သာကေတမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | – | – | – | ကောင်းမွန် | – |
| | ၆ | ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ | – | – | – | – | ကောင်းမွန် | – |
| | ၇ | သန်လျင်မြို့နယ် | ကောင်းမွန် | | – | ကောင်းမွန် | – | – |
| | ၈ | ဒလမြို့နယ် | ကောင်းမွန် | | | | | |
| | ၉ | လှည်းကူးမြို့နယ် | ကောင်းမွန် | | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | | | | လက်ခံနိုင်သော | |
| | ၃ | ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ကျောက်ဆည်မြို့ | ကောင်းမွန် | | | | | |
| | ၆ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၇ | မိတ္ထီလာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | ကောင်းမွန် | | | | | |
| | ၂ | ကော့သောင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| | ၂ | တောင်ငူမြို့ | ကောင်းမွန် | | | | | |
| | ၃ | ပြည်မြို့ | ကောင်းမွန် | | | | | |
| | ၄ | သာယာဝတီမြို့ | ကောင်းမွန် | | | | လက်ခံနိုင်သော | ကောင်းမွန် |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | ကောင်းမွန် | | | | | |
| | ၂ | ဖျာပုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၉ | ကချင်ပြည်နယ် | | | | | | | |
| | ၁ | မြစ်ကြီးနားမြို့ | လက်ခံနိုင်သော | | | ကောင်းမွန် | | |
| ၁၀ | ကယားပြည်နယ် | | | | | | | |
| | ၁ | လွိုင်ကော်မြို့ | ကောင်းမွန် | | – | ကောင်းမွန် | – | ကောင်းမွန် |
| ၁၁ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| | ၂ | မြဝတီမြို့ | ကောင်းမွန် | | | | | |
| ၁၂ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | ကောင်းမွန် | | | | | |
| | ၂ | သထုံမြို့ | ကောင်းမွန် | | | | | |
| | ၃ | မုဒုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ချောင်းဆုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၃ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | ကျိုင်းတုံမြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၃ | တာချီလိတ်မြို့ | ကောင်းမွန် | – | – | – | – | – |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

**✳ M – League မှ**

ရန်ကုန် ယူနိုက်တက်အသင်းအတွက် ဖွဲ့ခန့်အောင်က ၁၃၊ ၄၅၊ ၆၉ မိနစ်တို့တွင် ဟက်ထရစ်သွင်းယူပြီး ကျန်အနိုင်ဂိုးများကို ၅၄ မိနစ်တွင် လမင်းပြည့်စုံ၊ မိနစ် ၇၀ တွင် ခွန်းချိုထူးတို့က သွင်းယူသည်။ Chinland အသင်းအတွက် ချေပဂိုးတစ်ဂိုးကို မိနစ် ၂၀ တွင် ဗန်ဒွက်လန်ထောင်က သွင်းယူသည်။

ဗဟန်းကွင်း၌ကျင်းပသည့်ပွဲတွင် ဧရာဝတီယူနိုက်တက်အသင်းက ရန်ကုန်စီးတီးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဧရာဝတီယူနိုက်တက်အသင်းသည် နောက်ပိုင်းပွဲများတွင် ခြေစွာနေသည့် ရန်ကုန်စီးတီးအသင်းကို အနိုင်ယူကာ အမှတ်ပြည့်ရယူခဲ့သည်။ ဧရာဝတီယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၃၈ မိနစ်တွင် ထက်အောင်လွင်က သွင်းယူသည်။

**ယှဉ်ပြိုင်ကစား**

ပွဲစဉ် (၁၇) တတိယနေ့ကို အောက်တိုဘာ ၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဗဟန်းကွင်း၌ Galaxy အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း–ကိုညီလေး**
**ဓာတ်ပုံ–ML**

**✧ အာရှအားကစားပြိုင်ပွဲမှ**

မြန်မာပိုက်ကျော်ခြင်းအသင်းသည် ယခုအာရှအားကစားပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားသုံးမျိုး ယှဉ်ပြိုင်ရာ အမျိုးသားသုံးယောက်တွဲပြိုင်ပွဲနှင့် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ရလဒ်မကောင်းဘဲ အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီး နောက်ဆုံးပြိုင်ပွဲအဖြစ် အမျိုးသားလေးယောက်တွဲပြိုင်ပွဲ ယှဉ်ပြိုင်နေခြင်းဖြစ်သည်။

**သတင်း–ရှိုင်းထက်ဇော်**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ (၂-၁၀-၂၀၂၆)ရက်၊ သောကြာနေ့ညတွင် အများပြည်သူ အပန်းပြေ/စိတ်ချမ်းမြေ့စေရန်အတွက် စတီရီယိုခေတ်ပေါ်တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပအဆိုရှင်များ စုပေါင်း၍ **"အချစ်ပြကွဒိန်"** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေး အကြောင်းကြားပါသည်-

(၂-၁၀-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
"အချစ်ပြကွဒိန်" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့်
တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | လူပျိုကြီးပဲလုပ်တော့မယ် | ပြင်ပအဆိုရှင် |
| ၂။ | အချစ်ပြကွဒိန် | ပြင်ပအဆိုရှင် |
| ၃။ | ပါးပါးလေးပါ | ပြင်ပအဆိုရှင် |
| ၄။ | နတ်သမီးနဲ့တွေ့ဆုံခြင်း | ပြင်ပအဆိုရှင် |
| ၅။ | ရှေ့ခရီး | ပြင်ပအဆိုရှင် |
| ၆။ | ခဏလေး | ပြင်ပအဆိုရှင် |
| ၇။ | ကောင်လေး | ပြင်ပအဆိုရှင် |
| ၈။ | နင် ၁၂ ခါအသည်းခွဲဖူးတယ် | ပြင်ပအဆိုရှင် |
| ၉။ | လူမှန် | ပြင်ပအဆိုရှင် |
| ၁၀။ | နင့်ကိုချစ်လို့ | ပြင်ပအဆိုရှင် |

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်စောဝင်း[၁၂/ဥကမ(နိုင်)၀၀၅၅၄၃]မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၆)၊ မြေကွက်အမှတ်(၅၈၂)၊ ဓမ္မသုခလမ်း၊ ဧရိယာအကျယ်အဝန်း အလျား (၄၀)ပေ x အနံ (၆၀)ပေရှိ ဒေါ်အုန်းခင် အမည်ပေါက် ပါမစ်မြေအား ဆက်စပ်စာချုပ်မူရင်းများဖြင့် ပိုင်ဆိုင်ကြောင်း အဆိုပြုသူ ဒေါ်လင်းကေသီ [၇/ဇကန (နိုင်) ၀၂၅၃၃၃]ထံမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက သတ်မှတ်ရက်ပြည့်မြောက်သည့်နေ့တွင် အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇော်မင်းထက် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၄၂၂/၂၀၁၈)**
**အမှတ်(၇၇)၊ ဂန္ဓမာလမ်း၊ (၁၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၂၀၁၈၃၂၅**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟ(၃၇)လမ်း၊ အမှတ်(၁၃၃၆/ခ)ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ (၁)ခန်းတည်း (၅)ထပ်တိုက်၏ စတုတ္ထထပ်(၅-လွှာ)၊ အကျယ်အဝန်း(အလျား ၁၈xအနံ ၅၄)ပေရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝင်းဝင်းနိုင်[၁၂/ဗတထ(နိုင်)၀၀၀၃၆၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြူကြူအေး[၁၂/ကမန(နိုင်)၀၉၁၀၄၅]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးခင်အိ(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၄၃၀၇၁၁၄၈**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဃ၊ မြေကွက်အမှတ်-၆၁၃၃/၂၊ ၁၂၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၆၁၃၃/၂)၊ ဝေပုလ္လ(၈)လမ်း၊ (ဃ)ရပ်ကွက်၊ ဒေါ်မေတင်(AG-၃၂၃၁၇၁)၊ အမည်ပေါက်နှစ် (၆၀)ဂရန်မြေအား မြေအမည်ပေါက် ဒေါ်မေတင်ထံမှ (၃၀-၁၂-၂၀၂၂)ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်ဆုသက်ဝေမှ မြောက်ဥက္ကလာပမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၁၈/၂၀၂၅ဖြင့် ဒေါ်မေတင် အပေါ် ပဋိညာဉ်အတိုင်း အိမ်ခြံမြေမှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု စွဲဆိုခဲ့ရာ(၂၈-၁-၂၀၂၆)ရက်နေ့က အထက်ဖော်ပြပါ မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အပေါ် ပဋိညာဉ်ချုပ်ဆိုထားသည့်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် အမိန့်ရရှိခဲ့ပြီး ယင်းတရားရုံး၏ တရားမဇာရီမှု အ မှတ်-၆/၂၀၂၆/၂၄-၄-၂၀၂၆ ရက်စွဲပါ အမိန့်အရ တရားရုံးကိုယ်စား ဘီလစ်-ဒေါ်သူဇာ[၆/ထဝန(နိုင်)၀၂၆၃၄၃]မှ ဖော်ပြပါ တရားရုံးအမိန့်များ၊ ဘီလစ်ခန့်စာနှင့် ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်၊ ရွှေဘိုလမ်းနှင့် မဏိပူရလမ်းထောင့်၊ အမှတ်(၃၃၅၁+၃၃၅၂) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်(၄)၊ မြေကွက်အမှတ်(၃၃၅၁+၃၃၅၂)၊ မြေအကျယ်အဝန်း (၅၀ပေx၅၀ပေ)အနက်မှ မြေအကျယ်အဝန်း(၂၅ပေx၅၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ယုဝင်း [၁၂/ဒလန(နိုင်)၀၈၂၃၁၂] ကိုင်ဆောင်သူမှ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားသော မြေကွက်ဖြစ်ပါသည်။

အထက်ပါ မြေကွက်အတွင်းသို့ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်ယုဝင်း၏ သဘောတူခွင့်ပြုချက်ရရှိခြင်းမရှိဘဲ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းရောင်းချခြင်းများ မပြုလုပ်ပါရန် အသိပေးအပ်ပါသည်။

အကယ်၍ လိုက်နာဆောင်ရွက်ခြင်းမရှိပါက ကျွန်ုပ်မိတ်ဆွေအနေဖြင့် သက်ဆိုင်ရာ တရားရုံးတို့တွင် ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းစန္ဒာလင်း (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၁၂၉)**
**အမှတ်(၅၈)၊ မြေညီထပ်၊ ဓမ္မာရုံလမ်း၊**
**ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၉၅၃၅၉၇၇**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဂ)၊ ဥက္ကာ(၅)လမ်း၊ မြေကွက်အမှတ်-၁၄၉ ဟုခေါ်တွင်သော မြေအကျယ်(၂၀x၆၀)ပေရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက် အဆောက်အဦ၏ ပထမထပ်၊ အကျယ်အဝန်း(၁၇ x ၅၄)ပေရှိ ရေမီးအစုံ တိုက်ခန်းတစ်လုံး အပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ အရှုပ်အရှင်းကင်းရှင်းပါကြောင်း၊ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဒေါ်ဝေဝေနှင်း [၁၂/သဃက(နိုင်) ၁၆၇၈၉၉]မှ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေသဇင်အေး [၁၂/ဥကမ(နိုင်)၂၁၈၆၁၆]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာအေး (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၀၇)**
**အမှတ်(၁၆၇)၊ ရော(၉)လမ်း၊ ည/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၅၀၄၀၆၉၄၊ ၀၉-၇၆၅၀၄၀၆၉၄**

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေ များအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံ ကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်၊ မြို့သစ်မြို့၊ ဘုရားကြီးရပ်၊ သမလမ်း၊ UTM ကိုယ်ပိုင်အထက်တန်းဆင့်ကျောင်း၊ (G-12) တွင် ပညာသင်ကြားနေသော မောင်ကောင်းဆက်အောင် [၁၂/လကန(နိုင်) ၃၂၁၉၃၅]၏ ဖခင်အမည်မှန်မှာ ဦးစိုင်းသိန်းထိုက်ထွန်း [၁၂/လကန(နိုင်) ၁၇၀၃၄၅] ဖြစ်ပါကြောင်း။

**ဦးစိုင်းသိန်းထိုက်ထွန်း**

**ပညာရဲရင့်**
**ပွဲလယ်တင့်**

## မြိတ်မြို့၌ တနင်္သာရီ(လူမျိုး)ဒေသရိုးရာ ခေါသရပ်နေ့ အထိမ်းအမှတ် ဒေသမုန့်ဆွမ်းအမျိုး ၅၀ ကျော်ကို သံဃာတော်နှင့်သီလရှင်များအား လှူဒါန်း

မြိတ် စက်တင်ဘာ ၃၀

တနင်္သာရီ တိုင်းဒေသကြီး မြိတ်မြို့ရှိ တစ်ကမ္ဘာလုံး အေးမြချမ်းသာဘုရားကြီး ဘုရားရင်ပြင်တွင် ယနေ့နံနက် ၅ နာရီတွင် သံဃာတော်နှင့် သီလရှင်များအား ပင့်ဖိတ်၍ တနင်္သာရီ (လူမျိုး) ဒေသရိုးရာ ခေါသရပ်ထိုးမုန့်နှင့် မြိတ်ဒေသမုန့်ဆွမ်း အမျိုး ၅၀ ကျော်ကို ခေါသရပ်နေ့ အထိမ်းအမှတ်အဖြစ် အရဏ်မုန့်ဆွမ်း လောင်းလှူခဲ့ကြသည်။



နှစ်စဉ် တော်သလင်းလပြည့်ကျော်(၄)ရက်နေ့ကို ခေါသရပ်နေ့အဖြစ် တနင်္သာရီမြို့တည်စကတည်းကပင် ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်းကြာမြင့်ပြီဖြစ်သည့် တနင်္သာရီ(လူမျိုး)ဒေသ၏ ဒေသရိုးရာပွဲတော်တစ်ခု ဖြစ်သည်။ အဆိုပါ တနင်္သာရီရိုးရာ ခေါသရပ်နေ့ကို မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်ရှိ မြို့နယ်များတွင်သာ ကျင်းပလေ့ရှိကြသည်။

ယနေ့ ကျင်းပသည့် တနင်္သာရီ (လူမျိုး) ဒေသရိုးရာ ခေါသရပ်နေ့ ဆွမ်းလောင်းလှူပွဲသည် တစ်ကမ္ဘာလုံးအေးမြချမ်းသာ ဘုရားကြီး၌ ပဋ္ဌမအကြိမ် ပြုလုပ်သည့် အရဏ်မုန့်ဆွမ်းလောင်းလှူပွဲဖြစ်သည်။

ဆွမ်းလောင်းလှူပွဲတွင် ဆရာတော် သံဃာတော်များနှင့် သီလရှင်များက မေတ္တာဘာဝနာပွားများကြပြီး အလှူရှင်များက ခေါသရပ်ထိုးမုန့်နှင့် မြိတ်ဒေသမုန့်ဆွမ်း အမျိုး ၅၀ ကျော်ကို သံဃာတော်နှင့် သီလရှင်အပါး ၂၇၀ အား အရဏ်မုန့်ဆွမ်း လောင်းလှူခဲ့ကြကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

## ပဲခူးမြို့နယ်ရှိ ထီးချသစ်သားတံတား ပြန်လည်ပြုပြင်နိုင်ရေး ကွင်းဆင်းကြည့်ရှု

ပဲခူး စက်တင်ဘာ ၃၀

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေသည် ယမန်နေ့က တာဝန်ရှိသူများနှင့်အတူ ပဲခူးမြို့နယ် ကလိကျေးရွာတွင်း ထီးချသစ်သားတံတား ပြန်လည်ပြုပြင်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးရာတွင် အင်ဂျင်နီယာချုပ်သည် ဒုတိယညွှန်ကြားရေးမှူး၊ ပဲခူးခရိုင်ဦးစီးမှူး၊ ပဲခူးမြို့နယ်ဦးစီးမှူးတို့နှင့်အတူ ပဲခူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကလိကျေးရွာတွင်းလမ်းပေါ်ရှိ ထီးချသစ်သားတံတား တံတားကြမ်းခင်းနှင့် လက်ရန်းများ ပြန်လည်ပြုပြင်နိုင်ရန် ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး နည်းပညာဆိုင်ရာ လိုအပ်ချက်များကို မှာကြားသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်မှုပြီးစီးပါက ကျေးရွာတစ်ရွာ၊ အိမ်ခြေ ၆၀၂ အိမ်၊ လူဦးရေ ၂၉၀၅ ဦးကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

သက်ဖြိုးကြိုင်(ပြန်/ဆက်)



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# နိုင်ငံကျော် ဖွဲထက် စိန်၊ ရွှေ၊ ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ နိုင်ငံကျော် ဖွဲထက် စိန်၊ ရွှေ၊ ရတနာရောင်းဝယ်ရေးလုပ်ငန်း ပိုင်ရှင် ဦးဆန်းဝင်း (ဘ) ဦးချို နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၈/ရစက(နိုင်)၀၀၀၀၉၂] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည် –

၁။ နိုင်ငံကျော် ဖွဲထက် စိန်၊ ရွှေ၊ ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံကျော် Brand ဖြစ်သည်နှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့ကြီးများတွင် ဆိုင်ခွဲပေါင်းများစွာ ဖွင့်လှစ်၍ ဝန်ထမ်းများ၏ ဝန်ဆောင်မှုကောင်းခြင်း၊ စိန်ရွှေရတနာများ၏ ခေတ်မီဒီဇိုင်းများနှင့် အရည်အသွေးပြည့်မီကောင်းမွန်ခြင်း၊ အာမခံချက်ပြည့်စုံကောင်းမွန်ခြင်း၊ ရွှေပန်းထိမ်လုပ်ငန်းဌာန၊ စိန်နှင့် ကျောက်မျက်ရတနာစိစစ်အကဲဖြတ်ရေးဌာန၊ အရောင်းမြှင့်တင်ရေးဌာနနှင့် အရည်အသွေး အကဲဖြတ်ပညာရှင်တို့၏ အဆင့်ဆင့်ထုတ်လုပ်၊ အတည်ပြုချက်များဖြင့် ရောင်းဝယ်ခြင်းတို့ကြောင့် ပြည်သူများမှ လိုလားနှစ်သက်စွာ အားပေးမှုနှင့်အတူ လုပ်ငန်းအောင်မြင်တိုးတက်လျက် ရှိပါသည်။

၂။ လွန်ခဲ့သည့် ၂၆–၉–၂၀၂၆ ရက်နေ့တွင် ဖွဲထက် စိန်၊ ရွှေ၊ ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအား အကျိုးစီးပွားပျက်စီးစေရန်နှင့် ထိခိုက်နစ်နာစေရန်ရည်ရွယ်ချက်ဖြင့် Angel Queen Jewellery–2 (POL) ၀၉–၇၆၂၀၆၂၀၀၈/Viber ၀၉–၇၈၉၉၅၀၀၂၉ ဖြင့် ပြင်ဦးလွင်မြို့နယ်၊ ပြင်စာမြို့၊ သုံးထောင်ရွာ၊ ပန်းမြို့တော် (၃)လမ်းတွင်နေထိုင်သည့် အကောင့်ပိုင်ရှင်မှ ၎င်း၏ညီအစ်မတစ်ဝမ်းကွဲတော်သူ တစ်ဦးသည် ဖွဲထက် စိန်၊ ရွှေ၊ ရတနာဆိုင်မှ ဝယ်ယူလာခဲ့သော စိန်ကြိုးပါးဘယက်မှာ အတုဖြစ်ကြောင်းနှင့် ရွှေတစ်မှုန်မျှမပါကြောင်း၊ စိန်မှာလည်း အစစ်မဟုတ်ကြောင်း၊ အများတကာစီးသော ဖိနပ်တွင် တပ်ဆင်ထားသည့် စိန်လောက်ပင် အဆင့်အတန်းမရှိကြောင်း၊ နောင်လာနောက်သားများ၊ နောက်ဝယ်မည့်သူများ သိရှိရန်နှင့် ဖွဲထက်ရွှေဆိုင်သည် နံနက်မိုးလင်းသည့်အချိန်မှစ၍ Best Review များ တက်နေ၍ မပြောမဖြစ်သောကြောင့် ပြောရခြင်းဖြစ်ကြောင်း၊ ဆိုင်ကြီးဆိုပြီး အထင်မကြီးကြစေချင်ကြောင်း၊ ယခုကဲ့သို့ မပြုလုပ်စေလိုကြောင်း၊ နောင်တွင် ရွှေစုလိုပါက တိတိကျကျ မှန်ကန်မှုရှိသော Review ကောင်းသည့်ရွှေဆိုင်များတွင်သာ စုဆောင်းစေလိုကြောင်း၊ ဖွဲထက်ကတော့ No ပါ၊ ထာဝရ No ပါဟု ၎င်း၏ Tik Tok အကောင့်တွင် Video File ဖြင့် Post တင်ခဲ့သည်ကို တွေ့ရှိခဲ့ပါသည်။

၃။ အဆိုပါအကောင့်ပိုင်ရှင်မှ လူမှုကွန်ရက်ပေါ်တွင် Video File ဖြင့်တင်ခဲ့သော Post ၏ အပိုဒ်(၂)ပါ ဖော်ပြချက်များသည် မဟုတ်မမှန်၊ မမှန်မကန်၊ အခြေအမြစ်မရှိသော စွပ်စွဲပြောဆိုခြင်းဖြစ်ပြီး ၎င်းသည်လည်း ဖွဲထက်ရွှေဆိုင်မှ ပစ္စည်းဝယ်ယူသူမဟုတ်သည့်အပြင် ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ဖွဲထက် စိန်၊ ရွှေ၊ ရတနာဆိုင်၏ အကျိုးစီးပွားအား ထိခိုက်ပျက်စီးစေရန်၊ အသရေကိုဖျက်စေရန်၊ နှောင့်ယှက်ရန်ရည်ရွယ်၍လည်းကောင်း၊ ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေရန်လည်းကောင်း ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။

၄။ ယင်းအကောင့်ပိုင်ရှင်၏ လူမှုကွန်ရက်ပေါ်၌ ၂၆–၉–၂၀၂၆ ရက်နေ့တွင် တင်ခဲ့သည့်ဖြစ်စဉ်ကြောင့် ပြည်သူများမှ အထင်မြင်လွဲမှားမှုများနှင့် ယုံမှားသံသယများဖြစ်ပေါ်ခဲ့ပြီး အကျိုးစီးပွားများ ထိခိုက်နစ်နာဆုံးရှုံးခြင်း၊ အသရေပျက်ခြင်း၊ ဂုဏ်သိက္ခာထိခိုက်နစ်နာခြင်း၊ နှောင့်ယှက်ခံရခြင်းတို့ ဖြစ်ခဲ့ပါသည်။

၅။ ဖွဲထက် စိန်၊ ရွှေ၊ ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် ယခုဖြစ်စဉ်မတိုင်မီ နိုင်ငံပိုင် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာ၌ သတိပေးတားမြစ်ခဲ့သည့် ကြေညာချက်နှင့်အညီ ယင်းအကောင့်ပိုင်ရှင်အား အရေးယူပေးပါရန် ၂၇–၉–၂၀၂၆ ရက်နေ့တွင် အမှုဖွင့်တိုင်ကြားခဲ့ရာ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာဇံမြို့နယ်၊ အမှတ်(၈)မြို့မရဲစခန်းမှ ပထမသတင်းပေးတိုင်ချက်အမှတ် (ပ)၁၃၂/၂၀၂၆ အရ ဆက်သွယ်ရေးဥပဒေပြဋ္ဌာန်းချက်များပါ ငြိစွန်းသောပြစ်မှုဖြင့် လက်ခံအရေးယူခဲ့ပြီး အကောင့်ပိုင်ရှင်အား ဖော်ထုတ်ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိပါသည်။

၆။ သို့ဖြစ်ပါ၍ နောက်နောင်တွင် ဖွဲထက် စိန်၊ ရွှေ၊ ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအပေါ် မဟုတ်မမှန် စွပ်စွဲပြောဆိုခြင်း၊ အကျိုးပျက်စီးစေခြင်း၊ အသရေပျက်စေခြင်း၊ ဂုဏ်သိက္ခာထိခိုက်နစ်နာစေခြင်း၊ နှောင့်ယှက်ခြင်းတို့ဖြစ်စေသည့် ပြောဆိုမှုများ၊ လူမှုကွန်ရက်နယ်ပယ်အသီးသီး၌ Post တင်ခြင်း၊ ရေးသားခြင်းတို့ကို လုံးဝမပြုလုပ်ပါရန်၊ ယနေ့အထိ အလားတူ၊ သဘောသဘာဝတူသော Post များကို တင်ထားခဲ့ပါကလည်း အမြန်ဆုံး ရပ်ဆိုင်းပယ်ဖျက်ပေးပါရန် မေတ္တာရပ်ခံပါကြောင်း၊ ယင်းသို့ မေတ္တာရပ်ခံပါလျက် လိုက်နာမှုမရှိပါက သက်ဆိုင်ရာနည်းပညာရှင်များ၊ ဥပဒေပညာရှင်များနှင့် စိစစ်ဖော်ထုတ်၍ မလွှဲမရှောင်သာဘဲ လိုအပ်သလို ဆက်လက်အမှုဖွင့်ပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ – | လွှဲအပ်ညွှန်ကြားချက်အရ – | |
|---|---|---|
| ဦးဆန်းဝင်း (ဘ) ဦးချို | ဦးတိုးမြင့် (LL.B) | ဒေါ်စန္ဒာ (LL.B) |
| [၈/ရစက(နိုင်)၀၀၀၀၉၂] | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| | (စဉ် – ၆၂၀၁/၂၂–၅–၁၉၉၅) | (စဉ် – ၂၅၄၅၁/၂၀၀၇) |

Ph:09–420708695, 09–420078883

ရွှေမိုးငွေမိုးအိမ်ခြံမြေ
ရောင်းဝယ်ရေး
ဒဂုံလေးမြို့နယ်ရှိ မြေကွက်များ
ဈေးကောင်းပေးဝယ်သည်။
09-763841094

## တစ်ဦးတည်းဖြစ်ကြောင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ဂျုတ်ကုန်းအုပ်စု၊ ဂျုတ်ကုန်းကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ကန်ဦး Grade–12 မှ မခိုင်သဇင်ဝင်း၏ ဖခင် ဦးမျိုးဝင်း [၈/မကန(နိုင်)၂၇၆၆၉၇]နှင့် ဦးမြို့ဝင်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈)၊ ဦးပိုင်အမှတ်(၂၉/၂)၊ ရန်–မန်းလမ်းမျက်နှာပြု၊ နတ်ရေကန်ရွာဦးကျောင်းမြောက်ဘက်ရှိ ဦးပါအမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၂၇/၂၀၂၄)ဖြင့် ဒေါ်ခင်သန်းဝင်းပါ–၆ဦးက အမွေဆက်ခံခဲ့ကြပြီး ၎င်းတို့အနက် ဇနီး ဒေါ်ခင်အေးဝင်းကွယ်လွန်၍ ကျန်ရစ်သူ ခင်ပွန်းနှင့် ကျန်ပူးတွဲပိုင်ဆိုင်သူများဖြစ်ကြသော ဒေါ်ခင်သန်းဝင်း [၉/အမရ(နိုင်)၀၃၀၇၇၄]၊ ဦးဝင်းသိန်း [၉/မထလ(နိုင်)၀၁၆၁၈၃]၊ ဒေါ်ခင်မာဝင်း [၉/အမရ(နိုင်)၀၂၁၈၂၂]၊ ဒေါ်ခင်ဌေးဝင်း [၉/အမရ(နိုင်)၀၃၀၆၀၆]၊ ဦးဇော်ထွန်းဝင်း [၉/အမရ(နိုင်)၀၃၁၄၂၈]၊ ဦးဇော်လွင်ဦး [၉/အမရ(နိုင်)၀၇၂၄၉၃]တို့က မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခဲ့သော်လည်း စာချုပ်ချုပ်ဆိုခဲ့ခြင်းမရှိဘဲ အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်းနှင့် ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် ခဲစင်းပြအရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၃၊ မြေကွက်အမှတ်–၁၀၇၄၊ မြေကွက်တည်နေရာအမှတ်(၁၀၇၄)၊ ပုပ္ပါးလမ်း၊ ၄၃–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒေါ်မြင့်မြင့်ရီ(AD–၀၃၂၇၀၀)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်မြင့်မြင့်ရီ(AD–၀၃၂၇၀၀)(မိခင်)နှင့် ဦးထွန်းအေး(ဖခင်)တို့ ကွယ်လွန်သဖြင့် ဦးသန့်ထွန်း[၁၂/အလန(နိုင်)၀၀၀၄၈၀]၊ ဒေါ်ယဉ်မင်းထွန်း[၁၂/အလန(နိုင်)၀၀၀၄၈၁]၊ ဒေါ်ထွေးထွေးထွန်း[၁၂/အလန(နိုင်)၀၀၀၄၈၂]တို့မှ ၎င်းတို့သည်သာ တရားဝင်အမွေ ဆက်ခံခွင့်ရှိသည့် သား/သမီးများတော်စပ်ကြောင်း၊ ၎င်းတို့(၃)ဦးမှလွဲ၍ အခြားသောမွေးချင်း တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကိတ္တိမသား/သမီးများ မွေးစားထားခြင်း မရှိပါကြောင်း၊ ကွယ်လွန်သူ အမည်ပေါက်မိခင်သည် ခရစ်ယာန်ဘာသာကိုးကွယ်သူဖြစ်သော်လည်း မကွယ်လွန်မီ မည်သည့်သေတမ်းစာမျှ ရေးသားခဲ့ခြင်းမရှိပါကြောင်း၊ ၎င်းတို့(၃)ဦးသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကတိသစ္စာပြုလွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ ဂရန်၊ နိုင်/ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးနှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တောင်ကြီးမြို့နယ် အကောက်ခွန်ဦးစီးဌာန ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်း

၁။ တောင်ကြီးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော လျှပ်စစ်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူ (မြန်မာနိုင်ငံသား)များ ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ရန် အသိပေး ကြေညာအပ်ပါသည်–

| | | |
|---|---|---|
| (က) နေ့ရက်/အချိန် | – | ၈–၁၀–၂၀၂၆ ရက်နေ့ ၊ နံနက် (၉:၃၀) နာရီ |
| (ခ) နေရာ | – | မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ တောင်ကြီးမြို့ |
| (ဂ) ပစ္စည်းအမျိုးအမည် | – | လျှပ်စစ်ပစ္စည်းများ |

၂။ လေလံပုံစံ (လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်းပူးတွဲလျက်) တစ်စုံလျှင် ကျပ် (၁၀၀၀၀ိ/–) (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ၆–၁၀–၂၀၂၆ ရက်နေ့မှ ၇–၁၀–၂၀၂၆ ရက်နေ့အထိ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ပစ္စည်းနမူနာများအား တစ်ပါတည်း ကြည့်ရှုနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက လေလံတင်ရောင်းချရေးအဖွဲ့ တောင်ကြီးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ ဖုန်းနံပါတ်–၀၈၁–၂၁၂၁၁၅၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**တောင်ကြီးမြို့နယ်အကောက်ခွန်ဦးစီးဌာန**

## "Cho Cho Myanmar Co.,Ltd ၏ ကုန်ပစ္စည်းစာရင်းများကို တာဝန်ရှိသူ ဦးမင်းခန့် [၅/ဒပယ(နိုင်)၁၀၁၄၉၀]မှ လာရောက်စာရင်းရှင်းလင်းပေးရန်နှင့် အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ တောင်ဒဂုံစက်မှုဇုန်၊ (၁၄၄) ရပ်ကွက်၊ ရတနာပုံလမ်းနှင့် ဂရုဏာလမ်းထောင့်၊ အမှတ်(၂၂၅)တွင် ဖွင့်လှစ်တည်ထောင်ထားသော Cho Cho Myanmar Co.,Ltd (ဒါရိုက်တာအဖွဲ့)၏ (၁–၉–၂၀၂၆)ရက်စွဲပါ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးမင်းခန့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်–

ဦးမင်းခန့်သည် ကုမ္ပဏီ၏ Warehouse ဌာနတွင် မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်သူတစ်ဦးဖြစ်ပြီး ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ(၁၁)ရက်နေ့တွင် ဦးမင်းခန့် တာဝန်ယူဆောင်ရွက်ခဲ့သော Warehouse ဌာနတွင် ကုန်ပစ္စည်းအရေအတွက် စာရင်းများကိုက်ညီမှုမရှိသည့်အပေါ်တွင် ဦးမင်းခန့်မှ ယင်းဌာနတွင် တာဝန်ရှိသူ လူကြီးတစ်ဦးအနေဖြင့် ဖြေရှင်းပေးရမည်ကိုသိရှိပါလျက်နှင့် (၁၁–၈–၂၀၂၆) ရက်နေ့တွင် ကုမ္ပဏီမှ ခွင့်(၁)ပတ်ယူ၍ မိမိနေရပ်သို့ပြန်သွားခဲ့သော်လည်း ခွင့်ရက်စေ့သည့်အခါ၌ ကုမ္ပဏီသို့ ပြန်လည်၍တာဝန်ထမ်းဆောင်ခြင်းမရှိသည့်အပြင် ၎င်းကိုင်ဆောင်သည့်ဖုန်းမှာလည်း စက်များပိတ်ထားခဲ့ပြီး ကုမ္ပဏီ၏ အလုပ် Viber Group မှလည်း မိမိသဘောဖြင့်ထွက်သွားခဲ့ပြီး အဆက်အသွယ်ပြုလုပ်၍မရအောင် ပြုလုပ်ခဲ့ပါသည်။ ဦးမင်းခန့်သည် ကုမ္ပဏီ၏ စည်းမျဉ်း၊ စည်းကမ်းများအား လိုက်နာခြင်းမရှိဘဲ မိမိသဘောဖြင့် ခွင့်မဲ့ပြုလုပ်ပြီး အလုပ်အား လာရောက်ခြင်းမရှိသလို ကုန်ပစ္စည်းစာရင်းများအား ကုမ္ပဏီသို့ တိကျစွာရှင်းလင်းပေးခြင်းမရှိသည့်အတွက် ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကုမ္ပဏီသို့ စာရင်းလာရောက်ရှင်းလင်းပေးရန်နှင့် လာရောက်ရှင်းလင်းခြင်းမရှိပါက ကုမ္ပဏီ၏ ကုန်ပစ္စည်းစာရင်းများ ကွာဟမှုသည် ဦးမင်းခန့်နှင့် လုံးဝသက်ဆိုင်သည်ဟု မှတ်ယူပြီး ကုမ္ပဏီ၏ လုပ်ထုံးလုပ်နည်းအရ ဦးမင်းခန့်အား ကုမ္ပဏီတွင် Black List စာရင်းသွင်းပြီး ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးမင်းခန့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သန္တာအောင်(ခ)ဒေါ်နှင်းပွင့်ဇင် (LL.B)**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်–၁၈၀၃၀)**
**အမှတ်–၂၇/၂၉၊ ဒုတိယထပ်၊ (၃၅)လမ်းအောက်၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း– ၀၉–၂၆၀၄၀၁၀၇၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၁၀၄၆)ဟုခေါ်တွင်သော အိမ်အမှတ်(၁၀၄၆)၊ ယောမင်းကြီး(၄)လမ်း၊ (၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဦးကျော်ဇံ (ဘ)ဦးမောင်ဦး (CP.၀၀၃၀၃၁)အမည်ပေါက် ပေ(၄၀x၆၀) ကျယ်ဝန်းသည့် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အိမ်အမှတ်(၁၀၄၅)နှင့်ကပ်လျက် (၂၀ပေx၆၀ပေ) ကျယ်ဝန်းသည့် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂)ထပ်တိုက်အိမ်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်အစပ်များဖြင့် လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်သင်းနွယ် (ဘ) ဦးကျော်တင့် [၁၂/လသယ(နိုင်)၀၆၇၂၉၅] မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း၊ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ရုံးထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ခိုင် (LL.B,HGP)**
**အထက်တန်းရှေ့နေ (စဉ်–၅၆၃၁၉)**
**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၈၈၅၀၃၂၃၁၅**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်းမြို့ဟောင်း၊ (၄)လမ်း၊ အမှတ်(၇၄၁)နေ ဒေါ်ခင်မိုးကြည် [၈/ပခက(နိုင်)၁၄၃၅၅၈]သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ် (၇၀၅)၊ အကျယ်အဝန်း (၂၄၀၀) စတုရန်းပေ၊ (၀.၀၅၅)ဧကရှိ ဒေါ်နန်းရှဲန်အောင် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်တွင်ရှိသော မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းကျော်ကျော်မိုလ် [၁၂/ဒဂရ(နိုင်)၀၁၀၉၅၁]ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ– | လွှဲအပ်ညွှန်ကြားချက်အရ– |
|---|---|
| ဒေါ်ခင်မိုးကြည် | ဒေါ်နုနုလှိုင်(LL.B)(D.B.L)(D.I.P.L) |
| [၈/ပခက(နိုင်)၁၄၃၅၅၈] | တရားလွှတ်တော်ရှေ့နေ |
| | (စဉ်–၁၅၂၂၃/၂၇–၁၂–၂၀၁၈) |
| | အမှတ်(၇၅၀)၊ ဗေဒါ(၂)လမ်း၊ (၈)ရပ်ကွက်၊ |
| | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ |
| | ဖုန်း–၀၉–၂၅၀၆၅၈၃၃၆ |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၂)၊ အခန်းအမှတ်(၄၀၁)၊ စတုတ္ထထပ်ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်ဇော်နု [၁၂/လကန(နိုင်) ၀၀၃၆၇၃]ထံမှ ဆက်စပ်စာချုပ်များဖြင့် ပြန်လည်ဝယ်ယူထားသူ ဦးအောင်အောင် [၁၀/မလမ(နိုင်) ၃၂၄၀၇၅]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်းသွယ်၊ (၁၀)ရပ်ကွက်၊ JL INYA Residence၊ တိုက်အမှတ်(၃၀)၊ အခန်းအမှတ်-၁၀၂နေ ဦးထူးအောင်သိုက်[၁၂/လမန(နိုင်)၀၀၅၀၃၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ALLiANCE
ESTD 2025
Pub & Grill

**တံဆိပ်မှတ်ပုံတင်အမှတ်-၇၆၀၅/၂၀၂၆**

အထက်ဖော်ပြပါ "ALLIANCE" Pub & Grill အမှတ်တံဆိပ်အား ကျွန်ုပ်၏မိတ်ဆွေမှ ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါစာသားနှင့် အမှတ်တံဆိပ်အားအသုံးပြု၍ ကျွန်ုပ်၏မိတ်ဆွေမှ စားသောက်ဆိုင်လုပ်ငန်းအား ဖွင့်လှစ်ရောင်းချ၍ အသုံးပြုသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အမှတ်တံဆိပ်အမည်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆင်တူ ယိုးမှားပြုလုပ်ခြင်း၊ မရိုးမဖြောင့်သောသဘောဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန်ပြုလုပ်ခြင်း၊ Internet လူမှုကွန်ရက်စာမျက်နှာများနှင့် မီဒီယာလုပ်ငန်းများတွင် တုပသုံးစွဲခြင်းများ လုံးဝမပြုလုပ်ပါရန်နှင့် ပြုလုပ်ခြင်းအားတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကောင်းညဏ်လင်း(LL.B)၊ အထက်တန်းရှေ့နေ( စဉ်-၅၃၀၄၉ )**
**အမှတ်-၆၂၄/ခ၊ မြရည်နန္ဒာလမ်း၊ ( ၁၉ )ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၆၉၈၂၈၆၅၀၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ကန်ကုန်းရပ်ကွက်၊ ပညာဂုဏ်ရည်လမ်း၊ အကျယ်အဝန်း(၂၀'x၆၀')ပေရှိ အမည်ပေါက် ဦးအောင်ကျော်ဇော (ဘ) ဦးသိန်းလှ [၁၂/ထတပ(နိုင်)၀၈၉၇၆၅]ဟုခေါ်တွင်သော R3 အမျိုးအစား မိတ္တူခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးမင်းသူရိန်ထက် [၁၂/ဗဟန(နိုင်)၀၈၆၁၇၂]မှ ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းမရှိ လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းပြောဆိုရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နော်မေဖော့[၁၃/မယတ(နိုင်)၀၂၁၅၃၅]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများနှင့်တကွ ကိုယ်တိုင်လာ ရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ဌေး( LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၁၈၂၂)**
**အမှတ်(၈/၃၇၅-က)၊ ယင်းမာလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ ၀၉-၂၅၆၁၈၀၅၄၆၊ ၀၉-၄၂၆၅၉၉၂၃၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျိုင်းတုံမြို့၊ ဈေးတန်းကြီး၊ ရပ်ကွက်(၃)၊ အမှတ်(၁၂၆)နေ ဦးစိုင်းရီဆွတ်နှင့် ဒေါ်နန်းကြာလတ်တို့၏ သားဖြစ်သူ ဦးစိုင်းဝန်းကျောက် [၁၃/ကတန(နိုင်)၀၇၃၂၆၃]သည် မိဘများ၏ သွန်သင်ဆုံးမမှုကို နာခံခြင်းအလျဉ်းမရှိဘဲ မိဘများစိတ်ဆင်းရဲအောင် အမျိုးမျိုး ပြုလုပ်နေသည့်အပြင် မိသားစုဂုဏ်သိက္ခာကျဆင်းစေသောအပြုအမူများ၊ ခွင့်လွှတ်နိုင်ဖွယ်မရှိသောအပြုအမူများကို အကြိမ်ကြိမ်ဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းဆွေ (B.A, R.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၂၁/၁၉၈၁)**
**အမှတ်-၈၃/ဒုတိယထပ်၊ အခန်းအမှတ်(၁၄/A)၊ ပန်းဆိုးတန်းလမ်း၊**
**ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၁၉၆၃၇၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ သာစုလမ်း၊ အိမ်အမှတ်(၄)၊ အကွက်အမှတ်(၁၈)၊ ဇရစ်စမ်းတောင်ကွက်၊ ဦးပိုင်အမှတ်(၅၅)၊ မြေကွက်အမှတ်(၅၇/၁၁၂)၊ ခေါင်းရင်းခြမ်း၊ ဧရိယာ(၀.၀၄၄)ကေအကျယ်ရှိ ဦးဇော်ဝိန်၊ ဒေါ်ညွန့် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်မြမြချို(ဘ)ဦးညိမ်းမောင်[၁၂/သလန(နိုင်)၀၀၆၃၁၄]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်မြတ်မွန် [၁၂/သလန(နိုင်)၀၈၀၈၄၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိဦး (LLB) (LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း - ၀၉-၄၂၀၁၉၇၈၆၊ ၀၉-၇၉၉၂၉၁၈၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မြေသာစည်အိမ်ရာ၊ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၅၀၄)၊ ပဉ္စမထပ်ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သန်းမြင့် [၁၂/ကမရ (နိုင်) ၀၂၁၀၉၀]ထံမှ ဆက်စပ်စာချုပ်များဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်ခွန်သင်းပါရ် [၅/ကလန(နိုင်)၀၅၁၀၂၂]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ သံတံတားလမ်း၊ အမှတ်(၂၂)၊ ၅-လွှာ (တောင်ဘက်ခန်း)ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းဖြင့် ဆက်နွှယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်အမွေဆက်ခံပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာကြသည့် ဒေါ်စုစုဦး [၁၄/ပသန(နိုင်)၀၀၀၀၅၂]နှင့် ဒေါ်သစ်သစ်ထူး [၁၄/ပသန(နိုင်)၀၀၃၄၃၈] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်ညှိနှိုင်းသဘောတူညီချက်အရ ရောင်းချသော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်၍ အဆိုပါ အရောင်းအဝယ်ပြုလုပ်သောတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိန်ဝင်း (B.A, H.G.P, C.B.L, D.B.L, D.M.L)**
**အထက်တန်းရှေ့နေ(စဉ်-၆၀၈၂/၈၂)**
**တိုက်အမှတ် - ၃(အေ)၊ ၃-လွှာ (ခေါင်းရင်းခန်း)၊ သပြေညိုလမ်း၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၈၇၉၂၇၁၉၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၇)ရပ်ကွက်၊ (၂၉)လမ်း (အလယ်ဘလောက်)၊ အမှတ်-၁၅၉/၁၆၁ (၆ လွှာ/အေ)၊ အကျယ်အဝန်းအားဖြင့် (အလျား၃၁'xအနံ၄၃')ခန့်ရှိသော အဏ္ဏဝါမင်းကွန်ဒိုတိုက်ခန်းအပါအဝင် ယင်းကွန်ဒိုတိုက်ခန်းတွင် တပ်ဆင်အသုံးပြုနေသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်ရွှေ (ခ) ဒေါ်ပါးပါး [၁၂/မဂတ(နိုင်)၀၂၄၄၆၃] တစ်ဦးတည်း တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသောသူဖြစ်ပြီး အဆိုပါ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းတွင် တပ်ဆင်အသုံးပြုနေသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို (၂၇-၄-၂၀၂၆)ရက်စွဲပါ မေတ္တာဖြင့်အပြီးအပိုင်ပေးကမ်းခြင်း ကတိစာချုပ်အရ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်ရွှေ (ခ) ဒေါ်ပါးပါးက မိမိ၏သမီးအရင်းဖြစ်သူ ဒေါ်မာလာနွယ် [၁၂/မဂတ(နိုင်)၀၀၁၀၀၈]အား အပြီးအပိုင်လက်ရောက်ပေးကမ်းခဲ့ပြီးဖြစ်၍ သမီးအရင်းဖြစ်သူ ဒေါ်မာလာနွယ်ကသာလျှင် အပြီးအပိုင်လက်ရောက်ရရှိပြီး ပိုင်ရှင်အနေဖြင့် အကျိုးခံစားလျက်ရှိသောကြောင့် ၎င်းကသာလျှင် တရားဝင်ပိုင်ဆိုင်သူဖြစ်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်နှင့်မျှ သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာဇာဖြူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၆၂)**
**အမှတ်-၂၇/၂၉၊ တတိယထပ်၊ ၃၅-လမ်း (အောက်)ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၂၅၃၂၆၅၊ ၀၉-၄၂၅၂၆၈၄၁၃**

## မမိုးဝသာန်ထွေး(ခ)ပိုပို၊ ၎င်း၏ မိသားစုနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မော်စက်ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(ခ/၄၉၀)နေ (ဘ)ဦးမြစိန်၏ သမီးဖြစ်သူ ဒေါ်စီစီ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/ဒလန(နိုင်)၀၀၃၉၉၈]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်က အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်စီစီနှင့် ခင်ပွန်းဖြစ်သူ ဦးအုံးရွှေတို့ အိမ်ထောင်ကျပြီး ဦးအုံးရွှေ ကွယ်လွန်ချိန်မှ ယနေ့အချိန်ထိ သားသမီးထွန်းကားခြင်းမရှိခဲ့ပါ။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ အမွေစားအမွေခံအဖြစ်သော်လည်းကောင်း၊ စာချုပ်စာတမ်းများဖြင့်သော်လည်းကောင်း မွေးစားခဲ့ခြင်းမရှိပါ။ မမိုးဝသာန်ထွေး (ခ) ပိုပိုသည် ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ငှက်အော်ဆန်းရွာတွင်နေထိုင်သူ (ဘ) ဦးဝင်းဘိုနှင့် (အမိ) ဒေါ်တင်ဝင်းတို့၏ တတိယသမီးအရင်းဖြစ်ပါသည်။ ထိုအတွက်ကြောင့် မမိုးဝသာန်ထွေး (ခ) ပိုပိုသည် ယနေ့ထက်တိုင် မိခင်အရင်း ဒေါ်တင်ဝင်း၊ ညီအစ်ကို မောင်နှမအရင်းများနှင့် အဆက်အသွယ်မပြတ် အသွားအလာရှိကာ ကြီးပြင်းစေခဲ့ပါသည်။ မမိုးဝသာန်ထွေး (ခ) ပိုပိုသည် ကျွန်ုပ်မိတ်ဆွေ ဒေါ်စီစီနှင့် ခင်ပွန်းဖြစ်သူ ဦးအုံးရွှေတို့၏ အမွေစားအမွေခံသားသမီး မဟုတ်ပါ။ ကျွေးမွေးစောင့်ရှောက်ခဲ့ခြင်းသာဖြစ်ပြီး မမိုးဝသာန်ထွေး (ခ) ပိုပိုသည် ငယ်စဉ်ကတည်းက ကျွန်ုပ်မိတ်ဆွေ ဒေါ်စီစီလင်မယားနှင့်အတူ နေထိုင်ခဲ့ရခြင်းဖြစ်၍ ကျွန်ုပ်မိတ်ဆွေ၏ အိမ်ထောင်စုလူဦးရေစာရင်းတွင်သာ ထည့်သွင်းခဲ့ရပါသည်။ ထိုအတွက်ကြောင့် ကျွန်ုပ်မိတ်ဆွေသည် အိမ်ထောင်စုစာရင်းအရသာ မိခင်နေရာ၌ရှိ၍ ကျွန်ုပ်မိတ်ဆွေ၏ ကွယ်လွန်သွားသော ခင်ပွန်းမှာလည်း ၎င်းအိမ်ထောင်စုစာရင်းအရသာ ဖခင်နေရာတွင် ရှိနေခဲ့ရခြင်းသာဖြစ်ပါသည်။ ၎င်းအိမ်ထောင်ကျပြီးနောက် ၎င်း၏မိသားစုအလိုက် ကျွန်ုပ် မိတ်ဆွေ၏ အိမ်ထောင်စုစာရင်းတွင် ရှိနေခြင်းကိုလည်း ကျွန်ုပ်မိတ်ဆွေ ဒေါ်စီစီက သဘောတူခဲ့ခြင်းမရှိပါ။ ကျွန်ုပ်မိတ်ဆွေ ဒေါ်စီစီ၏ အိမ်ထောင်စုလူဦးရေစာရင်းထဲတွင် မမိုးဝသာန်ထွေး (ခ) ပိုပိုနှင့် ၎င်း၏မိသားစုတည်ရှိနေခြင်းကို ဖယ်ရှားထုတ်ခွာပေးရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မမိုးဝသာန်ထွေး (ခ) ပိုပိုနှင့် ၎င်း၏မိသားစုသည် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်စီစီအား ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အပြင် ဂုဏ်သိက္ခာကျဆင်းအောင်လည်း အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အတွက် ၎င်းနှင့် ၎င်း၏မိသားစု သက်ဆိုင်သော ကိစ္စအဝဝကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စီစီမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မမိုးဝသာန်ထွေး (ခ) ပိုပိုနှင့် ၎င်း၏ မိသားစုသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စီစီနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း မမိုးဝသာန်ထွေး (ခ) ပိုပို၊ ၎င်း၏မိသားစုနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေမို(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၇၀၀၇/၂၀၂၁)**
**ဖုန်း-၀၉-၇၉၅၇၃၀၉၅၁**

## ယာဉ်ပျံဘူတာနယ်မြေတွင် Urban Development စီမံကိန်းဆောင်ရွက်ရန်အတွက် တင်ဒါဒုတိယအဆင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုကြောင်းနှင့် တင်ဒါအဆိုပြုလွှာတင်ပြရန် ဖိတ်ခေါ်ခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ ယာဉ်ပျံဘူတာယာဒ်ဝင်းအတွင်းရှိ မြေဧရိယာ ၇.၅၁၄၃ ဧကပေါ်တွင် မြို့ပြဖွံ့ဖြိုး တိုးတက်မှု (Urban Development) စီမံကိန်းကို BOT စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပြည်တွင်း/ပြည်ပကုမ္ပဏီ အဖွဲ့အစည်းများသို့ တင်ဒါခေါ်ယူ ဆောင်ရွက်ခဲ့ရာ တင်ဒါပထမအဆင့်တွင် စိတ်ပါဝင်စားမှု ဖော်ပြချက်(Expression of Interest-EOI) အဆိုပြုလွှာတင်သွင်းသည့် MoNo Co., Ltd. နှင့် Shwemanmarlar Co., Ltd. တို့အား တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးကော်မတီက တင်ဒါဒုတိယအဆင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပြုကြောင်း ဆန်ကာတင်စာရင်း (Shortlisted) ရွေးချယ်ခဲ့ပါသည်။

၂။ တင်ဒါ ဒုတိယအဆင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိသည့် MoNo Co., Ltd. နှင့် Shwemanmarlar Co.,Ltd တို့သည် တင်ဒါစည်းကမ်းချက်နှင့် တင်ဒါအဆိုပြုလွှာပုံစံများကို (၁) စောင်လျှင် ငွေ ၁,၀၀၀,၀၀၀ ကျပ်နှုန်းဖြင့် မြန်မာ့မီးရထား၊ အထွေထွေမန်နေဂျာ (အထက်မြန်မာပြည်)ရုံး၊ မန္တလေးဘူတာ၊ (တတိယ)ထပ်တွင် ၁-၁၀-၂၀၂၆ မှ ၁၄-၁၀-၂၀၂၆ ရက်ထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း နှင့် တင်ဒါ အဆိုပြုလွှာ {မူရင်း (၁) စုံ၊ မိတ္တူ (၂)စုံ၊ Soft Copy (၂) စုံ} ကို ၁-၁၂-၂၀၂၆ ရက်နေ့ ၁၄:၀၀ နာရီအချိန် နောက်ဆုံးထား၍ အဆိုပါရုံးသို့ လူကိုယ်တိုင်ပေးပို့တင်ပြရမည်။

၃။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက စီးပွားရေးဌာန၊ မြန်မာ့မီးရထား(ရုံးချုပ်)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်၊၀၉-၈၉၁၇၅၀၁၃၄သို့ဖြစ်စေ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးကော်မတီ
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၀)၊ မြေကွက်အမှတ်-၁၀၅၃/A၊ အလျား၄၀ပေxအနံ၆၀ပေရှိ ဦးလှမျိုးမြင့် [၁၂/သကတ(နိုင်)၀၉၆၅၀၃] အမည်ပေါက် ဂရန်မြေကွက်အနက်မှ မခွဲမစိတ်ရသေးသော အလျား၂၀ပေxအနံ၆၀ပေရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အဆင့်ဆင့်သောစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိဖြစ်သည်ဆိုသူ ဦးဇော်ဇော်အောင် (ဘ) ဦးခင်ဦး [၁၂/ဒဂတ(နိုင်)၀၂၉၇၄၂]က မိမိသာလျှင် ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းကြောင်း ထုတ်ဖော်မြွက်ဆိုလျက် ရောင်းချရန်ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူပြီး ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့ရက်မှစ၍ (၃)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝိုင်ဆာ့ခ်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၂၂)**
**အခန်း(၁၀၄-စီ)၊ ပထမထပ်၊ တိုက်အမှတ်-၁၀/၁၂၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၅၁၆၀၇၈၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၉)ရပ်ကွက်၊ ကနောင်အိမ်ရာ၊ အပိုင်း(၂)၊ တိုက်အမှတ်(၃၄)၊ အခန်း(၂၁၀)၊ ဒုတိယထပ်၊ တိုက်အမျိုးအစား (၁၂)ခန်းတွဲ (၅)ထပ်၊ ဧရိယာ (၄၅၆)စတုရန်းပေရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရှိ စုပေါင်းပိုင်အဆောက်အအုံပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်အမှတ်(၀၀၁၄၂၆)တွင် ဦးကျော်စိုးမင်းအမည်ဖြင့် မှတ်သားတည်ရှိသည့်တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ယခုရောင်းချသူ ဦးဖြိုးဟန်ဦး [၁၂/ဥကတ(နိုင်)၁၅၂၇၃၁]မှ မိမိသာလျှင် တရားဝင်လက်ရောက်ပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာပြန်လည်လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြဝင်းဖြူ [၁၂/တမန(နိုင်)၀၉၃၀၉၆]ထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နေခြည်ဦး (LL.B) အထက်တန်းရှေ့နေ(စဉ်-၄၆၂၈၁)**
**အမှတ် (၄၀)၊ (၇)လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၂၅၃၅၃၂၉၆၈၊ ၀၉-၇၇၃၇၂၈၂၂၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City (ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း) တိုက်အမှတ်(B5)၊ အခန်းအမှတ်(၁၁၁၈)၊ အခန်းအမျိုးအစားType(B)၊ အကျယ်အဝန်း-၉၄၆ စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အိမ်ရာစီမံကိန်း၏ အမည်ပေါက်ပိုင်ရှင်များဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သည့် ဦးကျော်မိုး [၁၄/ညတန(နိုင်)၀၀၀၀၉၁]နှင့် ဒေါ်ချိုကြည်လွင် [၁၄/ညတန(နိုင်)၀၉၁၇၃၈]တို့နှင့် ကျွန်ုပ်၏မိတ်ဆွေတို့ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ကြရန် ပြောဆိုကြပြီး နှစ်ဖက်သဘောတူညီကြ၍ ရောင်းသူများ၏ညွှန်ကြားချက်အရ ဦးဇော်ဇော်အောင် [၁၄/ငပတ(နိုင်)၀၀၃၀၇၄]ထံ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်မော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၇၅)**
**အမှတ်-၆/၈၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၂၆၀၆၂၃၃၆၁၊ ၀၉-၇၉၁၂၅၈၇၁၄**

## "ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

တော်ဝင်မိသားစုကုမ္ပဏီမှတည်ဆောက်ခဲ့သော အင်းစိန်မြို့နယ်၊ ဖန်ချက်စက်ရုံလမ်းနှင့် ဆန်စက်လမ်းပေါ်ရှိ မုဒိတာတန်ဖိုးနည်းကွန်ဒိုအိမ်ရာ(၂)မှ အမှတ်(2A/148)တိုက်ခန်းကို ယင်းကုမ္ပဏီထံမှ ဒေါ်အေးအေးခင် [၁၄/သပန (နိုင်)၀၇၄၁၂၃] ကိုင်ဆောင်သူမှ (၂၁-၈-၂၀၁၁)ရက်နေ့တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ တိုက်ခန်းကို ဒေါ်အေးအေးခင်ထံမှ ဦးမြင့်ကျော် [၁၂/မဂဒ(နိုင်)၀၆၀၁၉၆]က (၈-၁၂-၂၀၂၄)ရက်နေ့တွင် (Special Power အမှတ်-၁၀၉၄၃)အရ ဒေါ်သီတာအေး လက်မှတ်ထိုးထားခြင်းအား ဝယ်ယူထားပါသည်။ ထို့နောက် အမည်ပြောင်းလုပ်ငန်းစဉ်ဆောင်ရွက်ရန်အတွက် ဒေါ်အေးအေးခင်သို့ ဆက်သွယ်အကြောင်းကြားသော်လည်း ဆက်သွယ်၍ မရခဲ့ပါ။ ထို့ကြောင့် တော်ဝင်မိသားစုကုမ္ပဏီတွင် အမည်ပြောင်းပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တော်ဝင်မိသားစု ဆောက်လုပ်ရေးကုမ္ပဏီထံ (သို့မဟုတ်) ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိလျှင် ဥပဒေနှင့်အညီ အမည်ပြောင်းခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ကျော်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဌေးလွင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၃၄၀၈)**
**အမှတ်(၃၁၅)၊ (၂၁)ရပ်ကွက်၊ အောင်ဇေယျာလမ်း၊ ရွှေပေါက်ကံ။ ဖုန်း - ၀၉-၄၀၁၅၇၉၀၈၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉/A၊ မြေကွက်အမှတ်-၅၁၈၊ မြေကွက်တည်နေရာအမှတ်(၅၁၈)၊ ဦးဘဝင်းလမ်း၊ ၃၉/A ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးသက်ဦး[၁၂/ဥကမ(နိုင်)၀၇၃၀၄၄] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသက်ဦး[၁၂/ဥကမ(နိုင်)၀၇၃၀၄၄]မြေကွက်အား ဘီလစ်မှ ချုပ်ဆိုပေးသော အရောင်းအဝယ်စာချုပ်အမှတ်- ၄၉၆၉/၂၀၂၅(၁၀-၇-၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ဖြူဖြူလှိုင် (ခ) ကူညီ [၁၃/တကန(နိုင်)၂၉၈၀၀၁]မှ ဦးသက်ဦး အမည်ပေါက် ဂရန်မူရင်းသည် ၎င်း၏လက်ဝယ်မှ ခိုးယူခံရပါသောကြောင့် ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ ဂရန်မူရင်းအား ပေါင်နှံ၊ ရောင်းချ၊ ပေးကမ်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းတို့မရှိဘဲ အမှန်တကယ်ပျောက်ဆုံးသည်မှာ မှန်ကန်ပါကြောင်း၊ ဂရန်ပျောက်ဆုံးခြင်းနှင့် ပတ်သက်၍ ဖြစ်ပေါ်လာသည့်ကိစ္စအဝဝအား ၎င်းမှတာဝန်ယူပါကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာ၊ ဂရန်ပျောက်ဆုံးကြောင်း ကိုယ်တိုင်ဝန်ခံချက်၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ နိုင်/ကတ်တို့ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင်(၂)ထပ်တိုက် ဆောက်လုပ်ဆဲအဆောက်အဦရှိပြီး လျှောက်ထားသူမှ မြေပြင်ကွင်းဆင်းစစ်ဆေးသည်ကိုသိရှိကြောင်း လက်မှတ်ရေးထိုးပါသဖြင့် ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက် အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



စပိန်အသင်းနှင့် ခရိုအေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## စပိန်အသင်းက ခရိုအေးရှားအသင်းကို ဂိုးပြတ်အနိုင်ရပြီး ပွဲ ၄၀ ဆက်ရှုံးပွဲမရှိစံချိန်တင်

စပိန်အသင်းဟာ ယူအီးအက်ဖ်အေနေးရှင်းလိဂ်အုပ်စု ဒုတိယပွဲစဉ်အဖြစ် စက်တင်ဘာ ၂၉ ရက်ညပိုင်းက ခရိုအေးရှားအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ ခရိုအေးရှားအသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့ပါတယ်။

စပိန်အသင်းနဲ့ ခရိုအေးရှားအသင်းတို့ပွဲစဉ်မှာ အိမ်ရှင်စပိန်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး စပိန်အသင်းအတွက် သွင်းဂိုးတွေကို လာမိုင်းယာမယ်ကနှစ်ဂိုး၊ မားပူဘီလ်ကတစ်ဂိုး၊ နီကိုဝီလီယံကတစ်ဂိုး သွင်းယူပေးခဲ့ကာ ခရိုအေးရှားအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ဘယ်လ်ဂျိုက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ စပိန်အသင်းဟာ ခရိုအေးရှားအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ယူအီးအက်ဖ်အေနေးရှင်းလိဂ်နှစ်ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ နှစ်ပွဲစလုံးအနိုင်ရရှိမှုနဲ့အတူ ရမှတ်ခြောက်မှတ်စုဆောင်းနိုင်ခဲ့လို့ အုပ်စုထိပ်ဆုံးမှာ ဦးဆောင်နေတာဖြစ်ပါတယ်။ စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✣

## အာရှဖလား ယူ-၁၇ ခြေစစ်ပွဲအကြို မြန်မာအသင်းနှင့် အိန္ဒိယအသင်း ခြေစမ်းပွဲနှစ်ပွဲကစားမည်

ရန်ကုန် စက်တင်ဘာ ၃၀

နိုဝင်ဘာတွင်ကျင်းပမည့် ၂၀၂၇ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၇ လူငယ်လက်ရွေးစင်အသင်းနှင့် အိန္ဒိယ ယူ-၁၇ လူငယ်လက်ရွေးစင်အသင်းသည် ရန်ကုန်မြို့တွင် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်း ခြေစမ်းပွဲများကို အောက်တိုဘာ ၄၊ ၇ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သန်လျင်မြို့ရှိ Star City ကွင်း (Sunset Venue) ၌ ကျင်းပမည်ဖြစ်သည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✲



မတ်လဆန်းက မြန်မာ ယူ-၁၇ အသင်းနှင့် အိန္ဒိယ ယူ-၁၇ အသင်းတို့ ရန်ကုန်မြို့၌ ခြေစမ်းကစားစဉ်။

## အာရှအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်း အမျိုးသားလေးယောက်တွဲပြိုင်ပွဲ အုပ်စုပွဲများတွင် မြန်မာအသင်း တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထား

ရန်ကုန် စက်တင်ဘာ ၃၀

ဂျပန်နိုင်ငံ၌ကျင်းပလျက်ရှိသည့် အကြိမ် (၂၀) မြောက် အာရှအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်း အမျိုးသားလေးယောက်တွဲ ပြိုင်ပွဲ အုပ်စုပွဲများကို စက်တင်ဘာ ၃၀ ရက်က ကျင်းပရာ မြန်မာအသင်းသည် တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။

မြန်မာအသင်းသည် အုပ်စု (A) တွင် ဗီယက်နမ်၊ လာအို၊ အိန္ဒိယအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး ပထမနေ့တွင် နှစ်ပွဲကစားရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဗီယက်နမ်အသင်းကို နှစ်ပွဲ - တစ်ပွဲဖြင့် အရေးနိမ့်ပြီး လာအိုအသင်းကို ၂-၁ ပွဲဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် အောက်တိုဘာ ၁ ရက်တွင် အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

စာမျက်နှာ ၂၃ ကော်လံ ၅ သို့ ✧

## Esports မြန်မာ့လက်ရွေးစင်အသင်း ရွှေတံဆိပ်ဆုနှင့် လက်တစ်ကမ်းသို့ ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၃၀

**ဂျပန်နိုင်ငံ အိုက်ချီ-နာဂိုယာမြို့ (Aichi-Nagoya, Japan) တွင် စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ကျင်းပလျက်ရှိသည့် အကြိမ်(၂၀) မြောက် အာရှအားကစားပြိုင်ပွဲတွင် Esports အားကစားကဏ္ဍ၌ မြန်မာ့လက်ရွေးစင် National Team Zanaka အသင်းသည် Mobile Legends: Bang Bang (MLBB)ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိရန် လက်တစ်ကမ်းသို့ ရောက်ရှိနေကြောင်း ဝမ်းမြောက်ဂုဏ်ယူဖွယ် သိရသည်။**

အကြိမ်(၂၀) မြောက် အာရှအားကစားပြိုင်ပွဲ၌ Mobile Legends: Bang Bang (MLBB) ပြိုင်ပွဲတွင် အာရှထိပ်သီးအသင်းရှစ်သင်းဖြစ်သည့် မြန်မာ-ကမ္ဘောဒီးယား၊ မလေးရှား-ဂျော်ဒန်၊ ဖိလစ်ပိုင်-အင်ဒိုနီးရှားနှင့် မွန်ဂိုလီးယား-ဟောင်ကောင်တို့ ယှဉ်ပြိုင်ကြရာ မြန်မာ၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် မွန်ဂိုလီးယားအသင်းတို့ ဆီမီးဖိုင်နယ်သို့ တက်လှမ်းခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၃ သို့ ✦



## M-League ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက် ဂိုးပြတ်သွင်းပြီး ရောဝတီယူနိုက်တက် နိုင်ပွဲရယူ

ရန်ကုန် စက်တင်ဘာ ၃၀

M-League ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် ၁၇ ဒုတိယနေ့ကို စက်တင်ဘာ ၃၀ ရက်က ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက် ဂိုးပြတ်သွင်းပြီး ရောဝတီယူနိုက်တက် နိုင်ပွဲရယူခဲ့သည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက Chinland အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ချန်ပီယံမျှော်လင့်ချက်အတွက် ရန်ကုန်ယူနိုက်တက်အသင်း အမှားမခံဘဲ ဂိုးပြတ်နိုင်ပွဲနှင့်အတူ ထိပ်ဆုံးမှ အား/ကာသိပွဲအသင်းကို ဆက်လက်ဖိအားပေးလျက်ရှိသည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ပထမပိုင်းအပြီးတွင် နှစ်ဂိုး-တစ်ဂိုးဖြင့်သာ အနိုင်ရနေသော်လည်း ဒုတိယပိုင်းတွင် ဂိုးများ ထပ်မံသွင်းယူခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ✳



ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဟက်ထရစ်သွင်းယူသည့် ဖွဲ့ခန့်အောင်၏ ဂိုးသွင်းရန်ကြိုးပမ်းမှုကို Chinland ဂိုးသမား ကာကွယ်စဉ်။

### ယနေ့ ဖတ်စရာ

အကြမ်းဖက်အဖွဲ့များအား ထောက်ပံ့နိုင်ရန်ရည်ရွယ်၍ တရားခံပြေး သင်းသင်းနွယ်နှင့်အတူ တရားမဝင် အလှကုန်ပစ္စည်းများနှင့် ကျောက်မျက်ရတနာပစ္စည်းများ ရောင်းချရာတွင် ကူညီဆောင်ရွက်ပေးသူများအား ဖမ်းဆီးရမိ
စာမျက်နှာ » ၁၅

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ၊ ကရင်ပြည်နယ်အသင်းက ပထမဆုနှင့် အမျိုးသမီးတံခွန်စိုက်ဆုဖလားဆွတ်ခူးရရှိ
စာမျက်နှာ » ၁၇